ကာလေန ဓမ္မသာကစ္ဆာ ဇတံ မင်္ဂလ မုတ္တမံ၊ သင့်လျော်သောအခါ၌ တရားဆွေးနွေးခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇွန် ၂၁ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၆၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်သစ်ပင်စိုက်ပျိုး

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ သဗ္ဗညုပုထိုးတော်ကြီး ပရဝဏ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်ချီးမြှင့်ပြီး အထိမ်းအမှတ် သစ်ပင်ကို စိုက်ပျိုးပေးသည်။***စာမျက်နှာ ၃ ကော်လံ ၁ ✳***

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ လှူဒါန်းသည့် ဆွမ်းဆန်နှင့် ဆီတို့ကို ဓမ္မသက သီလရှင်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဖွားလေး ဒေါ်ဓမ္မသီထံ ဆက်ကပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ်ရှိ ရွှေရင်အေး နွေစပါး မျိုးပွားစိုက်ခင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ပြည်ထောင်စုကြီး နယ်မြေဒေသအသီးသီးဖွံ့ဖြိုး၊ကယားပြည်နယ် ယခင်နှင့်မတူတိုးတက်လာ ပြည်နယ်နှင့်တိုင်းများ တန်းတူဖွံ့ဖြိုးတိုးတက်၍ ဒေသခံပြည်သူများလူနေမှုအဆင့်အတန်းမြင့်မား

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇွန် ၁၈ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့မှ ကယားပြည်နယ် လွိုင်ကော်မြို့သို့ မြန်မာ့လေကြောင်းလေယာဉ်ခရီးစဉ်ဖြင့် ရောက်ရှိသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

21-6 (01).p65 1 03/24/1905, 10:56 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေးဆောင်ရွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး အလေးထား ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် ပြည်နယ်၊တိုင်း ဒေသအားလုံး ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ စစ်ကိုင်းတိုင်းအတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် ဆောင်ရွက်ပေးဖွယ်ရာများကိုလည်း နိုင်ငံတော်က ငွေကြေးအမြောက်အမြားအကုန်အကျခံ ရင်းနှီးမြှုပ်နှံဆောင်ရွက်ပေးထားပြီးဖြစ်သည်။ အသိပညာရှင်၊ အတတ်ပညာရှင် ပညာတတ်လူငယ်များ တိုးပွားလာရေးအတွက်ကိုလည်း အခြေခံစာသင်ကျောင်း တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်ခြင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် ဆေးရုံနှင့်ဆေးပေးခန်းများ အဆင့်မြှင့်တိုးချဲ့ခြင်းတို့ကို လိုအပ်ချက်များနှင့်အညီ ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်၌ အကြီးဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးနှင့် ရေသောက်စနစ်ကို ကျယ်ပြန့်စွာ တည်ဆောက်ပေးနိုင်ခဲ့သဖြင့် သီးထပ်စိုက်နိုင်အားမှာ ပိုမိုသိသာစွာ ကောင်းမွန်လာသည်ကို တွေ့ရသည်။ စပါးစိုက် လယ်မြေအသစ်များလည်း ပေါ်ထွက်လာသဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ ပိုလျှံလာကာ စစ်ကိုင်းတိုင်းသည် အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ရပ်တည်လာနိုင်ပြီ ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် ဇွန်လ ၁၃ ရက်နေ့က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးတို့အတွက် ဗဟိုအဆင့်က ဆောင်ရွက်ပေးသင့်သည်များကို ကွင်းဆင်းကြည့်ရှုပြီး ဖြည့်ဆည်းဆောင်ရွက်ပေးရန် စစ်ကိုင်းတိုင်းရှိ အရာတော်၊ ရွှေဘို၊ ဝက်လက်နှင့် ရေဦးမြို့နယ်များသို့ သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဝက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင်–

> **"နိုင်ငံတော်က တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝမြင့်မားရေးနှင့် စီးပွားရေးဖြစ်ထွန်းရေးအတွက် ထားရှိဆောင်ရွက်နေသော စေတနာနှင့် သဘောထားကို နားလည်သဘောပေါက်ခံယူပြီး မြို့နယ်အဆင့်ရှိ တာဝန်ခံဝန်ထမ်းများကလည်း ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို စေတနာထား အလေးပေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျေးလက်နေ ပြည်သူများနှင့် တစ်သားတည်း နေထိုင်ကျင့်ကြံပြီး ပြည်သူများ၏ဘဝကို နားလည်စာနာတတ်ရမှာဖြစ်ကြောင်း၊ ကျေးလက်များဖွံ့ဖြိုးမှသာ မြို့ပြများလည်း ဖွံ့ဖြိုးစည်ပင်ပြီး တစ်မြို့နယ်လုံး ဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း"**

ဆွေးနွေးမှာကြားသည်။

စစ်ကိုင်းတိုင်းအတွင်းရှိ မြို့နယ်များအနေဖြင့် မိမိဒေသအတွင်း ဆန်ဖူလုံရေးကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်သကဲ့သို့ စားသုံးဆီပိုလျှံနေမှုကို လျော့ကျမသွားရန် ဆီထွက်သီးနှံများကိုလည်း အလေးထား ဆက်လက်စိုက်ပျိုးသွားရမည် ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် မူးမြစ်မှရေကို စိုက်ပျိုးရေးလုပ်ငန်း၌ အကျိုးရှိစွာအသုံးပြုနိုင်ရန် အရာတော်အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃)ဟူ၍ မြစ်ရေတင်စီမံကိန်းသုံးခုကို အကောင်အထည်ဖော်ပေးပြီး အရာတော်မြို့နယ်၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းမြစ်ရေတင်စီမံကိန်းသုံးခုစလုံး ပြီးစီးပါက စိုက်ပျိုးမြေဧက ၇၀၀၀၀ ကျော်ကို အကျိုးပြုနိုင်မည် ဖြစ်သည်။

နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဆည်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများ စသည့်အခြေခံကောင်းများကို အပြည့်အဝအသုံးချ၍ ဆန်စပါးပိုလျှံသည်ထက်ပိုလျှံအောင်ထုတ်လုပ်ရေး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးတို့ကို ဒေသဆိုင်ရာ တာဝန်ခံများ၊ စိုက်ပျိုးရေးတာဝန်ခံများနှင့် တောင်သူလယ်သမားများ၏ ပူးပေါင်းအားထုတ် ကြိုးပမ်းမှုတို့ဖြင့် ဆက်လက် အကောင်အထည်ဖော်သွားကြရမည် ဖြစ်သည်။

သို့မှသာ ပြည်တွင်းစားသုံးရန်အပြင် သီးနှံပိုလျှံမှုများ ခိုင်ခိုင်မာမာရရှိပြီး ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည် ဖြစ်သည်။ စိုက်ပျိုးရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်နှင့် ဆက်စပ်လျက် မိမိတို့နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ထူထောင်သွားကြရမည် ဖြစ်သည်။ ထို့ကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်မှုတိုးတက်စေရေး၊ ပြည်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်စေရေး၊ ဒေသအလိုက် စီးပွားရေးခိုင်မာတိုးတက်စေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တက်ညီလက်ညီ ပါဝင်ကြိုးပမ်းကြရန် လိုပေသည်။

သို့ဖြစ်ရာ ပြည်နယ်နှင့် တိုင်းအသီးသီးရှိ မြို့နယ်အုပ်ချုပ်ရေးတာဝန်ခံများ၊ စိုက်ပျိုးရေးကဏ္ဍမှ ဝန်ထမ်းများ၊ တောင်သူလယ်သမားများက အသိစိတ်ဓာတ်ရှိရှိ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးတို့ကို အလေးထား ကြိုးပမ်း အကောင်အထည်ဖော်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း အကောင်အထည်ဖော်ရေး ဆွေးနွေး အတ္တ၊ ပရ မျှတစွာအကျိုးတူပူးပေါင်းလိုသူများ စည်းရုံးဆောင်ရွက်ရေး ဝန်ကြီးမှာကြား

ရန်ကုန် ဇွန် ၂၀

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ မန္တလေးစက်မှုဇုန်တာဝန်ခံ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇွန် ၁၈ ရက် နံနက် ၈ နာရီခွဲက မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် မန္တလေး စက်မှုဇုန်ရှိ ကနောင်ခန်းမ၌ စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း အကောင်အထည်ဖော်ရေးကိစ္စနှင့်ပတ်သက်၍ မုံရွာစက်မှုဇုန်၊ မန္တလေးစက်မှုဇုန်နှင့် တောင်ကြီး အေးသာယာစက်မှုဇုန်များရှိ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ စက်မှုဇုန်ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် မုံရွာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်း၊ မန္တလေးစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်နှင့် တောင်ကြီး အေးသာယာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးမြင့်သိန်းတို့က စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများကို တင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဝန်ကြီးက ဖြည့်ဆည်းပေးပြီး စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေး စီမံကိန်းတွင် ဒေသခံလုပ်ငန်းရှင်များပါဝင်ရေး၊ အတ္တ၊ ပရ မျှတစွာဖြင့် မျှမျှတတ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုသူများကို စည်းရုံးဆောင်ရွက်သွားရေး မှာကြားသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက ခရီးသည်တင်ဘတ်စ်ကားနှင့် ထရပ်ကား ထုတ်လုပ်မှုအခြေအနေများ၊ သံသတ္တုစပ်များရရှိရေးနှင့် သံအရည်အသွေးကို မြင့်မားစေသော ကုန်ကြမ်းများရရှိရေးကိစ္စများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

မန္တလေး စက်မှုဇုန်(၂)

ယင်းနောက် ဝန်ကြီးသည် စက်မှုဇုန်အတွင်းရှိ စက်ရုံများကို လှည့်လည်စစ်ဆေးရာ ရှေးဦးစွာ မန္တလေး စက်မှုဇုန်(၂) ကနောင်မင်းသားကြီးလမ်းရှိ မြန်မာဝမ်လီ အဆင့်မြင့် သံမဏိစက်ရုံ ပြည်ပသွင်းကုန်အစားထိုး ထုတ်ကုန်လုပ်ငန်းရှိ သံရည်ကျိုခြင်းလုပ်ငန်းများကို လည်းကောင်း၊ ပုံသွင်းပြီး သံချောင်းတုံးများကို လည်းကောင်း၊ သံမဏိချောင်းအား နန်းဆွဲခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ထုတ်လုပ်ပြီး ဆောက်လုပ်ရေးသုံး သံချောင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စက်မှုဇုန်များ အဆင့်တိုးမြှင့်ရေးစီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်၌ Foundry Plant၊ Press Shop၊ Forjing Shop၊ Heat Treatment Shop၊ Machine Shop များ တည်ဆောက်မည့် လျာထားချက်များကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက နောင်တိုးချဲ့တည်ဆောက်သွားမည့် စီမံကိန်းများကိုရည်မှန်း၍ ဆောင်ရွက်သွားရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဦးအောင်ဆန်း၏ အောင်နိုင်သူ သံရည်ကျိုလုပ်ငန်းရှိ သံရည်ကျိုခြင်းလုပ်ငန်းနှင့် သံပုံလောင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ စက်ရုံထုတ် ရေစုပ်ပန့်အမျိုးမျိုးနှင့် သံရည်ကျိုရာတွင် အသုံးပြုသည့် ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဦးမြင့်ဆွေ၏ Man Star Group မော်တော်ယာဉ်ထုတ်လုပ်ရေးရှိ စက်ရုံထုတ် Super Mandalar Ko Wagon ကားဖရိန်၊ Wagon မော်တော်ယာဉ်များ၊ မော်တော်ယာဉ်တံခါး၊ ဘေးကာ စသည်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရီဖန်းလယ်ယာသုံးပစ္စည်းထုတ်လုပ်ရေးစက်ရုံရှိ လက်တွန်းထွန်စက်၊ လယ်ယာသုံးစက်ကိရိယာ၏ စက်အပိုပစ္စည်းများ၊ စပါး ချွေလှေ့စက်များကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မလိခ အော်တိုမိုဘိုင်းကုမ္ပဏီလီမိတက်ရှိ ကားဖရိန် ပြုလုပ်ထားမှုအခြေအနေ၊ တံခါးပေါင်၊ ရှေ့တံခါး၊ ရှေ့ဘီးဖုံး(ဝဲ/ယာ) ကြမ်းခင်းစသည့် စက်ရုံထုတ် ကားပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

မန္တလေး စက်မှုဇုန်(၁)

ထို့နောက် ဝန်ကြီးသည် မန္တလေး စက်မှုဇုန်(၁) မော်တော်ယာဉ်ထုတ်လုပ်ရေးကော်မတီမှ ထုတ်လုပ်သော ခရီးသည်တင်ဘတ်စ်ကားနှင့် အလတ်စား ထရပ်ကားများကို လည်းကောင်း၊ ဦးသန်းလွင်၏ ဂရိတ်ဆိုင်နီ သံရည်ကျိုလုပ်ငန်းများကို လည်းကောင်း၊ ထုတ်လုပ်ပြီး သံချောင်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေ ၃ နာရီခွဲတွင် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆပ်ပြာစက်ရုံ (မန္တလေး)သို့ ရောက်ရှိပြီး တန် (၂၀၀) ဆံ့ ဆီသားသိုလှောင်ကန်နှင့် ကုန်ကြမ်းပစ္စည်းများကို လည်းကောင်း၊ စက်ရုံထုတ် ရွှေဝါဆပ်ပြာထုပ်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကုန်ချော လက်ကျန်နည်းရေးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရွှေဝါဆပ်ပြာ၊ ကာဘော်လိစ် ဆပ်ပြာနှင့် မွှေးဆပ်ပြာထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်ယန္တရားဖြင့် ထုတ်လုပ်ရာ၌ အစ၊ အလယ်၊ အဆုံး အဆင်ပြေချောမွေ့စွာ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန် မှာကြားသည်။

မီးခြစ်စက်ရုံ(မန္တလေး)

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာစက္ကူနှင့် ဓာတုဗေဒလုပ်ငန်း မီးခြစ်စက်ရုံ(မန္တလေး)သို့ ရောက်ရှိပြီး စက်ရုံမှ တီထွင်ထုတ်လုပ်ထားသော စက်အပိုပစ္စည်းများကို လည်းကောင်း၊ တွင်ခုံလုပ်ငန်းကို လည်းကောင်း၊ သစ်လွှာခြင်းနှင့် လွှာပြီး သစ်လွှာပြားများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်သက်ရင့်ဝန်ထမ်း ၁၀ ဦးတို့အား ဂုဏ်ပြုငွေများ ပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မန္တလေး ဘီယာစက်ရုံ ကနောင်ခန်းမ၌ အထက်မြန်မာပြည်ရှိ စက်ရုံမှူးများနှင့် တွေ့ဆုံ၍ စက်ရုံအသီးသီးရှိ ဘဏ္ဍာရေးဝန်ထမ်းများသည် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းရေးသွင်းရေး၊ လျာထားချက်များ ပြည့်မီကျော်လွန်အောင် ထုတ်လုပ်ရေး၊ ပစ္စည်းများ လေလွင့်မှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်ရေးနှင့် ကုန်ကြမ်းဝယ်ယူရာ၌ အဖွဲ့များဖွဲ့၍ စနစ်တကျ ဝယ်ယူရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၁–၆–၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ၆။ မျိုးချစ်တပ်မတော်
- ၄း၄၅ ၇။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
- ၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)မြန်မာစာ (မြန်မာစာအထူးပြု) (ခ)ရုပ်ရင်း–Morpheme)
- ၅း၃၀ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၃။ မိုးလေဝသသတင်း
- ၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
- ၆း၄၀ ၁၆။ လျှပ်တစ်ပြက်
- ၆း၅၀ ၁၇။ မေးမြန်းစူးစမ်း
- ၇း၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဥဩကျယ်လေး"** (အပိုင်း–၃၃)
- ၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ လျှပ်တစ်ပြက်
- ၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၂၃။ ယနေ့ညအတွက် တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ပြည်သူ့တရားရှင် သားဆိုး သားမိုက်"** (အပိုင်း–၁)

ကွံ့ကော်ပင် စိုက်ပျိုးပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင် နာယက ဒေါ်ကြိုင်ကြိုင် ကွံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း လိုက်ပါလျက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပရာသို့ရောက်ရှိလာရာ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများနှင့် အကြံပေးပုဂ္ဂိုလ်များ၊ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင်ကြိုင်က သတ်မှတ်နေရာတွင် ကွံ့ကော်ပင်ကို စိုက်ပျိုးပေးသည်။

ကွံ့ကော်ပင်စိုက်ပျိုး

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူး ကြီးမောင်အေး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူး ဆောင်နာယက ဒေါ်မြမြစန်းက ခရေ ပင်ကို လည်းကောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်း ရွှေက ခရေပင်ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့က ကွံ့ကော်ပင်ကိုလည်းကောင်း သတ်မှတ်နေရာ အသီးသီးတွင် စိုက်ပျိုး ပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်၏ဇနီး မြန်မာနိုင်ငံ အမျိုး သမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ် ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိန်ထွား၊ ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော် ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ရန်ကုန်တိုင်း အမျိုးသမီးရေးရာ အဖွဲ့နာယက ဒေါ်ခင်သက်ဌေးနှင့် အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများက ကွံ့ကော်၊ ခရေ၊ သရက်နှင့် ပိန္နဲပင်များကို သတ်မှတ်နေရာ အသီးသီး၌ စိုက်ပျိုးပေးကြပြီး အခမ်း အနားကို ရုပ်သိမ်းလိုက်သည်။

၇၁ပင် စိုက်ပျိုး

ယနေ့ ကျင်းပသည့် ၂၀၀၄ ခုနှစ် ဇူလိုင် ၃ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြို သစ်ပင်စိုက်ပျိုး ပွဲတွင် ကွံ့ကော်၊ ခရေ၊ သရက်နှင့် ပိန္နဲ အပါအဝင် သစ်ပင်စုစုပေါင်း ၇၁ပင်ကို စိုက်ပျိုးပေးကြသည်။

သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား အပြီးတွင် နိုင်ငံတော် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဇနီး မြန်မာ နိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြိုင် ကြိုင်သည် သဗ္ဗညုပုထိုးတော်ကြီး ဂန္ဓကုဋိတိုက်၏ တတိယထပ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် စည်သူပန် မြတ်စွာဘုရားအား ဖူးမြော်ကြည်ညို သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် သဗ္ဗညုပုထိုးတော်ကြီး ဂန္ဓကုဋိတိုက်ပထမထပ်၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူး ဆောင်နာယက ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့သည် မြန်မာနိုင်ငံ အမျိုးသမီး ရေးရာအဖွဲ့ချုပ်မှ လှူဒါန်းသည့် ဆွမ်း ဆန်တော် ငါးအိတ်နှင့် ဆီငါးပိဿာ တို့ကို ဓမ္မေသကသီလရှင်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတ အဖွားလေး ဒေါ်ဓမ္မေသီထံ ဆက်ကပ်လှူဒါန်းသည်။ **(သတင်းစဉ်)**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်မြမြစန်း ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ခရေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြံပေးပုဂ္ဂိုလ် ဒေါ်ခင်သန်းနွဲ့ ကွံ့ကော်ပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် အထိမ်း အမှတ် သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အထိမ်း အမှတ် သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေး ကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ် ကြီး သိန်းစိန်၏ ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဒေါ်ခင် ခင်ဝင်း အထိမ်း အမှတ် သစ်ပင် စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

ဘဂ္ဂဒက်ရှိ ကန်စစ်အခြေစိုက်စခန်း စိန်ပြောင်းဖြင့်ပစ်ခတ်ခံရ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံး၊ ကန်ထရိုက်တစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၁၉

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို သောကြာနေ့က အီရတ်ပြောက်ကျားတို့က စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး နိုင်ငံခြားသားကန်ထရိုက်တာတစ်ဦးလည်း ဒဏ်ရာရရှိသွားကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

အဆိုပါဘဂ္ဂဒက်ရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို အီရတ်ပြောက်ကျားတို့က စိန်ပြောင်းကျည်ခြောက်လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် ဗဟိုစစ်ဌာနချုပ်က ပြောကြားသည်။

တိုးမြှင့်တိုက်ခိုက်

ယခု ဇွန်လ ၃၀ ရက်တွင် အီရတ်ကြားဖြတ်အစိုးရသို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် ဝါရှင်တန်က စီစဉ်ထားမှုနီးကပ်လာသည်နှင့်အမျှ အီရတ်နိုင်ငံတွင် အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်အရာရှိများ၊ ရေနံလုပ်ငန်းများအပြင် အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအား အီရတ်ပြောက်ကျားတို့က တိုးမြှင့်တိုက်ခိုက်မှုများ ပြုလုပ်လာလျက်ရှိသည်။

သေဆုံး

အီရတ်နိုင်ငံ ဘာကူဘာမြို့တွင်လည်း အီရတ်ပြောက်ကျားတို့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်မှုများဖြစ်ပွားလျက်ရှိရာ ဒုတိယမြောက်နေ့ဖြစ်သည့် သောကြာနေ့တွင် တိုက်ခိုက်မှုများကြောင့် အီရတ်ခုနစ်ဦး သေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်သို့တပ်ဖွဲ့စေလွှတ်ရေး ကမ်းလှမ်းသည်ဆိုမှု မဟုတ်မှန်ကြောင်း ပါကစ္စတန်ဝန်ကြီး ငြင်းဆို

အစ္စလမ္မာဘတ် ဇွန် ၁၉

အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များ စေလွှတ်ရေးနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကမ်းလှမ်းခဲ့သည်ဆိုခြင်းမှာ မဟုတ်မှန်ကြောင်း ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး ခါရှစ်မာမွတ်ကာဆူရီက ကြာသပတေးနေ့၌ ငြင်းဆိုလိုက်သည်။

အီရတ်သို့ ပါကစ္စတန်တပ်ဖွဲ့ဝင်များလွှတ်ရေးနှင့်စပ်လျဉ်း၍ ကမ်းလှမ်းခဲ့ကြောင်း ၎င်းကို ကိုးကားလျက် သတင်းစာ၌ဖော်ပြခဲ့သည့် သတင်းကို ရည်ညွှန်းကာ ကရာချိမြို့တွင် သတင်းစာရှင်းပွဲ ပြုလုပ်ရာ၌ ကာဆူရီက ငြင်းဆိုလိုက်ခြင်း ဖြစ်သည်။

အာရပ်ဝန်ကြီးတစ်ဦးက ပါကစ္စတန်နိုင်ငံသည် တူနီးရှား၊ မော်ရိုကိုတို့နှင့်အတူ ကုလသမဂ္ဂ ပုဂ္ဂိုလ်များအား အကာအကွယ်ပေးရန်အတွက် အီရတ်သို့ တပ်ဖွဲ့များစေလွှတ်ရန် အသင့်ရှိကြောင်း လူထုဆက်သွယ်ရေးသို့ အင်္ဂါနေ့၌ ပြောကြားခဲ့သည်။

အဆိုပါသတင်းနှင့် စပ်လျဉ်း၍ ကာဆူရီက အီရတ်သို့ တပ်ဖွဲ့ဝင်များ စေလွှတ်ရေးသည် အရေးကြီးသော ကိစ္စရပ်ဖြစ်ကြောင်း၊ ပါလီမန်၏ ထောက်ခံချက်နှင့် ပြည်သူလူထု၏ သဘောထားအမြင်ကို ရရှိပြီးနောက်မှသာ ဆုံးဖြတ်နိုင်မည်ဖြစ်ကြောင်း ကာဆူရီက ရှင်းလင်းပြောကြားသည်။

ယခုအခါ ကုလသမဂ္ဂပုဂ္ဂိုလ်များကို ကာကွယ်ရန်အတွက် တပ်ဖွဲ့ဝင်များလွှတ်ပေးဖို့တောင်းဆိုမှုများ မိမိတို့ ရရှိခဲ့သော်လည်း ယခုထိ မဆုံးဖြတ်ရသေးကြောင်း ကာဆူရီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



ဘဂ္ဂဒက်မြို့တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြနေသော အီရတ်တို့အနီး လုံခြုံရေးစောင့်ကြပ်ပေးနေသည့် အီရတ်ပြောက်ကျားတစ်ဦးအား ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဖော်လူဂျာ၌ ကန်စစ်လေယာဉ်တစ်စင်းက ဒုံးကျည်များဖြင့်ပစ်ခတ် အပြစ်မဲ့အီရတ်အရပ်သား ၂၂ ဦးသေဆုံး၊ လူနေအိမ်များပျက်စီး

ဖော်လူဂျာ ဇွန် ၂၀

အမေရိကန်စစ်လေယာဉ်တစ်စင်းက ဖော်လူဂျာမြို့တွင် လူနေအိမ်ခြေများရှိသော ဒေသတစ်ခုကို စနေနေ့က ဒုံးကျည်များဖြင့် ပစ်ခတ်သဖြင့် လူ ၂၂ ဦးသေဆုံးပြီး အိမ်အများအပြားပျက်စီးသွားကြောင်း ရဲအဖွဲ့နှင့် ဒေသခံများက ပြောကြားသည်။

အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ဖော်လူဂျာမြို့တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ ဝိုင်းထားမှု အဆုံးသတ်ခဲ့ချိန်မှစပြီး ယခုကဲ့သို့ အမေရိကန်က စစ်ရေးအရ တိုက်ခိုက်ခြင်းသည် ပထမဆုံးဖြစ်သည်။ အဆိုပါ အမေရိကန်စစ်လေယာဉ်သည် ဖော်လူဂျာရှိ လူနေအိမ်ခြေများရှိသော ဒေသအား နံနက် ၉ နာရီခွဲ၌ ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း ဖော်လူဂျာ ရဲအရာရှိချုပ် ဆက်ဘား အယ်လ်ဂျာနာဘီက ပြောကြားသည်။

(အင်တာနက်)

ပျက်စီး

အမေရိကန် စစ်လေယာဉ်တစ်စင်းက ဖော်လူဂျာမြို့တွင် စနေနေ့၌ ဒုံးကျည်များဖြင့် ပစ်ခတ်ခဲ့ရာတွင် အိမ်နှစ်လုံးထက်မနည်း ပျက်စီးခဲ့ပြီး အနီးအပါး ဆင်းရဲသားရပ်ကွက်တွင်လည်း အိမ်ခြောက်လုံး ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

သေဆုံး

ယင်းသို့တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၂၀ ထက်မနည်းရှိကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီး သုံးဦးနှင့် ကလေးငယ် ငါးဦး ပါကြောင်း၊ အခြားလူနှစ်ဦးမှာ ဆေးရုံ၌ သေဆုံးခဲ့ကြောင်း ဆေးရုံတာဝန်ရှိသူများက ပြောကြား

ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်များကို ဇွန် ၁၉ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်အကျဉ်းသား သေဆုံးခဲ့မှု စီအိုင်အေဝန်ထမ်းတစ်ဦးကိုစွဲချက်တင်

ဝါရှင်တန် ဇွန် ၁၉

အမေရိကန် ဗဟိုထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)မှ ဝန်ထမ်းတစ်ဦးကို အာဖဂန်အကျဉ်းသားတစ်ဦး သေဆုံးမှုနှင့် စွဲချက်တင်ထားကြောင်း သိရှိရသည်။

အာဖဂန်နစ္စတန် အရှေ့မြောက်ဘက် ကူနာဒေသသည် ဒုံးကျည်များ မကြာခဏကျရောက်ထိမှန်ရာဒေသဖြစ်ပြီး ဒေသတွင်း အမေရိကန်စခန်း၌ ဖမ်းဆီး ထိန်းသိမ်းခြင်းခံခဲ့ရသော အာဖဂန် အကျဉ်းသား အက်ဘ်ဒူလ်ဝါလီအား စစ်ဆေးမေးမြန်းစဉ် စီအိုင်အေဝန်ထမ်း ဒေးဗစ်ပါဆာရို ရိုက်နှက်ခဲ့ရာ မကြာမီအချိန်အတွင်း သေဆုံးသွားခဲ့မှုဖြင့် စွဲချက်တင်ခြင်းဖြစ်သည်။

(စီအင်န်အင်န်)

ကန်နှင့်အပေါင်းပါတို့ အီရတ်စစ်ပွဲဆင်နွှဲခဲ့မှု အမှန်တရားကိုရင်ဆိုင်သင့်ပြီဟု ချိုင်းနားဒေးလီ၌ ဖော်ပြ

ပေကျင်း ဇွန် ၁၉

အမေရိကန်ပြည်ထောင်စုသည် အီရတ်စစ်ပွဲပြဿနာနှင့်ပတ်သက်၍ လက်တွေ့သဘာဝနှင့် လုံးထွေးနေမည့်အစား အမှန်တရားကို ရင်ဆိုင်သင့်ပြီဟု အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော သောကြာနေ့ထုတ် ချိုင်းနားဒေးလီသတင်းစာ၏ ဆောင်းပါးကဏ္ဍတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုသည် ၎င်း၏ ကိုယ်ပိုင်မှုဟန်အမှန်တရားများနှင့် လုံးထွေးရစ်ပတ်နေခြင်းထက် လက်တွေ့ကျသော အနီးကပ် ဆက်ဆံရေးတစ်ရပ်ကို ထူထောင်ပေးခြင်းဖြင့် ၎င်းကို ၎င်းလုပ်နိုင်ပြီး ကမ္ဘာ့မျက်နှာပေးမှုခံရအောင် လုပ်နိုင်လိမ့်မည်ဖြစ်ကြောင်း၊ အမေရိကန်စစ်ထောက်လှမ်းရေး၏ နိုင်ငံတကာ အသိအမှတ်ပြုမှုမှာလည်း လုံးဝသုံးညတန်ဖိုး အဆင့်သာရှိတော့ကြောင်း ယင်းဆောင်းပါး၌ ရေးသားထားသည်။

ဖော်ပြထား

အဆိုပါ အမှန်တရားသည် အမေရိကန်ပြည်ထောင်စုက လူအများ သေစေနိုင်သော လက်နက်ဖြင့် အီရတ်ကို ခြိမ်းခြောက်ခဲ့မှု၊ အယ်ကေဒါကို အဆက်အသွယ်ရှိသည်ဆိုပြီး ဆက်ဒမ်ဟူစိန်အစိုးရအား ဖြုတ်ချခဲ့မှုများပင်ဖြစ်သည်ဟု ၎င်းဆောင်းပါး၌ အလေးအနက်ထား ဖော်ပြထားသည်။

အထောက်ထားမရှိ

၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်မှုအပေါ် အမေရိကန် စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာအရ ဆက်ဒမ်ဟူစိန်သည် အမေရိကန်ပြည်ထောင်စုအား ပစ်မှတ်ထား၍ အယ်ကေဒါ၏ ကြိုးပမ်းမှုကို ကူညီပေးခဲ့သည့် အထောက်အထား မရှိဟု ဆိုထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မြန်မာ့အလင်း နိုင်ငံခြား သတင်းများ

အမေရိကန်အား ပြစ်ဒဏ်ကင်းလွတ်ခွင့်ပြုမည်ဆိုပါက တရုတ်နိုင်ငံက ထောက်ခံမည်မဟုတ်ကြောင်းပြောကြား

ကုလသမဂ္ဂ ဇွန် ၁၉

နိုင်ငံတကာဆိုင်ရာ ရာဇဝတ်မှု တရားရုံးမှ အမေရိကန်ပြည်ထောင်စုအား ပြစ်ဒဏ်ချမှတ်မှု ကင်းလွတ်ခွင့်ပြုမည်ဆိုပါက ယင်းဆုံးဖြတ်ချက်ကို တရုတ်နိုင်ငံက ထောက်ခံမည် မဟုတ်ကြောင်း သောကြာနေ့က ပြောကြားလိုက်သည်။

အီရတ်အကျဉ်းသားများအား မတရားနှိပ်စက်သည့်အရှုပ်အထွေးကို ဆုံးဖြတ်ချက်က မျက်နှာသာပေးလျှင် မှားမည်ဖြစ်ကြောင်း၊ ကုလသမဂ္ဂဆိုင်ရာ တရုတ်သံအမတ်ကြီး ဝမ်ကွမ်ယာက အစောပိုင်း၌ ပြောကြားခဲ့သည်။

ထိုဆုံးဖြတ်ချက်အား မိမိတို့မထောက်ခံမည့်အကြောင်း၊ မိမိ၏လုပ်ဖော်ကိုင်ဘက်များကို ပြောကြားထားကြောင်း ဝမ်ကွမ်ယာက ရိုက်တာသို့ ပြောကြားသည်။

ဆုံးရှုံးနိုင်

တရုတ်နိုင်ငံက ထိုသို့ထောက်ခံမှုမပေးသည့်အတွက် ဆုံးဖြတ်ချက်ပြဋ္ဌာန်းရန် ဘုရှ်အစိုးရလိုအပ်သော ထောက်ခံမဲကိုးမဲသည် ဆုံးရှုံးသွားနိုင်စရာရှိသည်။ ယခုအချိန်ထိ ဗြိတိန်၊ရုရှား၊ အင်ဂိုလာနှင့်ဖိလစ်ပိုင်တို့၏မဲများသာ ထောက်ခံမှုရဖို့သေချာကြောင်း တွက်ဆထားသည်။

သံသယဖြစ်

အခြားအဖွဲ့ဝင် နိုင်ငံများအားလုံးသည် မဲမပေးရန် ရည်ရွယ်လျက်ရှိကြသည် သို့မဟုတ် မဆုံးဖြတ်နိုင်ဘဲရှိကြသည်။ ထိုဆုံးဖြတ်ချက်သည် မှားကြောင်း၊ လုံခြုံရေးကောင်စီအား သံသယဖြစ်စေမည်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့၌ ပြောကြားခဲ့ပြီးနောက် လုံခြုံရေးကောင်စီဝင် အခြားနိုင်ငံများသည် ယင်းသို့ ဝေခွဲမရ ဖြစ်ခဲ့ကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ အဘူဂါရိပ်ဒေသ စစ်ဆေးရေးစခန်းအနီး အီရတ်တစ်ဦးအား ရှာဖွေစစ်ဆေးနေသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို ဇွန် ၁၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အီရတ်အကျဉ်းသားတစ်ဦးအား ရှစ်လခန့် လျှို့ဝှက်ဖမ်းဆီးထားမှု ကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၏ ညွှန်ကြားချက်အရဟုဆို

ဘဂ္ဂဒက် ဇွန် ၁၈

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ပြင်ရှိ အဘူဂါရိပ်အကျဉ်းထောင်အတွင်း အကျဉ်းသားတစ်ဦးအား အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါနယ်ရမ်းစဖဲလ်၏ ညွှန်ကြားချက်အရ ရှစ်လခန့် လျှို့ဝှက်စွာဖမ်းဆီးထိန်းသိမ်းထားခဲ့ကြောင်း ပင်တဂွန်က ပြောကြားသည်။

အလုပ်မှ နုတ်ထွက်သွားပြီဖြစ်သော စီအိုင်အေ အကြီးအကဲ တီနက်၏ ပြောဆိုချက်အရ ထိုအကျဉ်းသားကို ဘဂ္ဂဒက်အနီးရှိ စခန်းတစ်ခု၌ ပြီးခဲ့သည့် အောက်တိုဘာလက ဖမ်းဆီး ထိန်းသိမ်းထားခဲ့သည်။

၎င်းသည်အဆင့်မြင့်အရာရှိတစ်ဦးဖြစ်ပြီး ပြည်သူ့စစ် ခေါင်းဆောင်တစ်ဦးဖြစ်သည်ဟုသာ အတည်ပြုခဲ့ပြီး မည်သူမည်ဝါဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ဘဲရှိသည်။ အကျဉ်းသားအား ယခုကဲ့သို့ လျှို့ဝှက်စွာ ဖမ်းဆီးထားခြင်းသည် စစ်ဥပဒေအပြင် အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် ဆန့်ကျင်သည့် လုပ်ရပ်ဖြစ်ကြောင်း၊ အကျဉ်းထောင်နှိပ်စက်မှုကို စုံစမ်းခဲ့သည့် အမေရိကန် ဗိုလ်ချုပ်တာဂူဘာက ပြောကြားခဲ့သည်။

အကျဉ်းသားကို ယာယီအဖြစ် ထိန်းသိမ်းထားခြင်းသာဖြစ်ပြီး လျှို့ဝှက်ဖမ်းဆီးထားခြင်းမဟုတ်ကြောင်း၊ သို့ရာတွင် နိုင်ငံတကာကြက်ခြေနီအဖွဲ့သို့ ထုတ်ဖော်ပြော ကြားခြင်းမပြုမိသည်မှာ ပင်တဂွန်နှင့် စီအိုင်အေ၏ အမှားဖြစ်ကြောင်း ပင်တဂွန်က ပြောကြားခဲ့သည်။ **(စီအင်န်အင်န်)**

ကန်နှင့်အပေါင်းပါတပ်ဖွဲ့များအပေါ် အလေးမပေးရန် အီရတ်ကြားဖြတ်အစိုးရကို အယ်လ်ဆာဒါ သတိပေး

ကူဖာ ဇွန် ၁၉

အီရတ်ကြားဖြတ်အစိုးရအနေဖြင့် အီရတ်ပြည်သူတို့၏ ဆန္ဒသဘောထားများကို အလေးထားပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့များအပေါ် အလေးမပေးလျှင် အီရတ်ကြား ဖြတ်အစိုးရသစ်ကို မိမိထောက်ခံမည် ဖြစ်ကြောင်း အီရတ်ခေါင်းဆောင် တစ်ဦးဖြစ်သူ မိုတာဒါအယ်လ်ဆာဒါက သောကြာနေ့တွင် သတိပေး ပြောကြားလိုက်သည်။

အီရတ်မှ အမေရိကန်နှင့်အပေါင်းပါတပ်များ ထွက်ခွာသွားရေးကို ဦးဆောင်ပြုလုပ်ရန် ဇွန်၁ ရက်ကစ၍ စီစဉ်ဆောင်ရွက်ခဲ့ပြီးနောက် အစကနဦး၌ ပစ်ပယ် အသိအမှတ်မပြုခဲ့သော အီရတ်ကြားဖြတ်အစိုးရသစ်အပေါ် ၎င်း၏ အနာဂတ်ရပ်တည်မှု သဘောထားကို ပြောကြားခဲ့ခြင်းဖြစ်သည်။

အီရတ်အစိုးရနှင့် အုပ်ချုပ်သူတို့သည် ပြည်သူတို့နှင့်အတူ နီးနီးကပ်ကပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အီရတ်ပြည်သူတို့နှင့် ဆန့်ကျင်ဘက် မပြုလုပ်ရကြောင်း၊ တစ်ဖန် အီရတ်ပြည်သူတို့နှင့်အတူ ပူးပေါင်းဆောင်ရွက်လျှင် အီရတ်ပြည်သူတို့၏ သားကောင်းများနှင့် တူမည် ဖြစ်ကြောင်း နာဂျက်ဖ်မြို့အနီးရှိ ကူဖာမြို့တွင် အီရတ်တို့အား ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးရန် သို့မဟုတ် သတ်ဖြတ်ရန် ကြိုးစားခဲ့သည့် အယ်လ်ဆာဒါသည် ဧပြီလမှစ၍ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်ခဲ့သူဖြစ်ပြီး အီရတ်နိုင်ငံတောင်ပိုင်း နေရာဒေသများကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဂရိ နွေရာသီအိုလံပစ်ပြိုင်ပွဲ ကျင်းပရက်နီးကပ်လာ အေသင်မြို့တွင်း၌ လုံခြုံရေးပိုမိုဆောင်ရွက်လျက်ရှိ

အေသင် ဇွန် ၁၉

ဂရိနိုင်ငံအေသင်မြို့၌ ကျင်းပမည့် နွေရာသီအိုလံပစ် အားကစားပွဲတော် နီးကပ်လာသည်နှင့်အတူ အေသင်မြို့အတွင်း လုံခြုံရေးကို ပိုမို ဖိဖိစီးစီးပြုလုပ် ဆောင်ရွက်လျက်ရှိသည်။

အေသင်မြို့တွင်းနှင့်အနီးတဝိုက်၌ မကြာမီက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများကြောင့် အိုလံပစ်ပွဲတော် လုံခြုံရေးအတွက် ပူပန်မှုများတိုးပွားလာသည်။

အစီအစဉ်

ယခုအချိန်အထိ အိုလံပစ်ပွဲတော်အား တိုက်ခိုက်ရန် အကြမ်းဖက် အစီအစဉ်များရှိ၊ မရှိ သတင်းမရရှိသေးသော်လည်း နိုင်ငံပေါင်း နှစ်ရာမှ လာရောက် ယှဉ်ပြိုင်မည့် အားကစားသမား ၁၁၀၀၀ကို ကာကွယ်ရန် ဂရိအစိုးရက အစီအစဉ်များ လုပ်ထားသည်။

လုံခြုံမှုပေးမည်

အားကစားပွဲလုံခြုံရေးအတွက် ရေကြောင်းနှင့် လေကြောင်း အကာအကွယ်များအပြင် ထောက်လှမ်းရေးအရာရှိများလည်း အားကစားသမားများအား ၂၄ နာရီ လုံခြုံမှုပေးမည်ဖြစ်သည်။

မနုတ်ထွက်

အိုလံပစ်ပြိုင်ပွဲဝင်ကြမည့် အားကစား သမားများအနက် မည်သူမျှ ပြိုင်ပွဲမှ နုတ်ထွက် ခြင်းမရှိသေးကြောင်း သိရသည်။ **(စီအင်န်အင်န်)**

ကင်းလှည့်

ဘဂ္ဂဒက်မြို့ အယ်လ်ဆာဒါစီးတီးအရပ်တွင် ကင်းလှည့်နေသော အီရတ်ပြောက်ကျားများကို ဇွန်၁၈ရက်က တွေ့စဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ရှန်ဟိုင်းပူးပေါင်းမှုအဖွဲ့ဝင် ခြောက်နိုင်ငံသမ္မတများသဘောတူ

တက်ရှ်ကင့် ဇွန် ၁၉

ဥဇဘက်စတန်နိုင်ငံ တက်ရှ်ကင့်မြို့၌ ကျင်းပသော နှစ်စဉ်ကျင်းပနေကျ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဆွေးနွေးပွဲတွင် အဖွဲ့ဝင်ခြောက်နိုင်ငံမှ သမ္မတများက အကြမ်းဖက်မှုများကို တိုက်ဖျက်ရန် သဘောတူညီချက်တစ်ရပ်ကို ကြာသပတေးနေ့တွင် ပူးတွဲထုတ်ပြန်ခဲ့ကြသည်။ ထို့အပြင် စီးပွားရေးနှင့်ကုန်သွယ်ရေးပူးပေါင်းဆက်သွယ်ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရန်လည်း ခေါင်းဆောင်များက သဘောတူညီခဲ့ကြသည်။ လွန်ခဲ့သည့်ရှစ်နှစ်က ရှန်ဟိုင်းမြို့တွင်ဖွဲ့စည်းတည်ထောင်ထားသော အဖွဲ့ တွင် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ္စတန်၊ ဥဇဘက်စတန်နိုင်ငံတို့ ပါဝင်ခဲ့ကြပြီး ယခု ဆွေးနွေးပွဲတွင် မွန်ဂိုလီးယားနိုင်ငံက လေ့လာသူနိုင်ငံအဖြစ် တက်ရောက်ခဲ့ပြီး အာဖဂန်နစ္စတန် သမ္မတကို ဖိတ်ခေါ်ခဲ့ကြောင်း သိရသည်။ **(စီစီတီဗွီ)**

အီလက်ထရွန်နစ်စာကြည့်တိုက်ဖွင့်ပေးခြင်းဖြင့်နည်းပညာများတိုးတက်လာမည် စာကြည့်တိုက်ကိုအရင်းခံပြီးစာပေလှုပ်ရှားမှုများဆက်လက်ဆောင်ရွက်

ရန်ကုန် ဇွန် ၂၀

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ အီလက်ထရွန်နစ် စာကြည့်တိုက်(ကျောက်တန်း)တိုးချဲ့ဆောင်သစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မင်းကျောင်းလမ်းရှိ အီလက်ထရွန်နစ်စာကြည့်တိုက်၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ခေတ်မီအီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း) တိုးချဲ့ဆောင်သစ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

တက်ရောက်

အခမ်းအနားသို့ ဝန်ကြီးချုပ်ရုံး ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောက်တန်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း) ထိန်းသိမ်းကြီးကြပ်မှု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပထမပိုင်းအခမ်းအနား အစီအစဉ်ကို အီလက်ထရွန်နစ် စာကြည့်တိုက်(ကျောက်တန်း) တိုးချဲ့ဆောင်သစ်ရှေ့၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် A.C.E ဆောက်လုပ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းတို့က ဖဲကြိုးဖြတ်၍ အီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း) တိုးချဲ့ဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

စာကြည့်တိုက်အရင်းခံ

ထို့နောက် ဒုတိယပိုင်းအခမ်းအနား အစီအစဉ်များကို စာကြည့်တိုက်ခန်းမအတွင်း၌ ဆက်လက် ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော အီလက်ထရွန်နစ် စာကြည့်တိုက် တိုးချဲ့ဆောင်သစ်သည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ လမ်းညွှန်ချက်နှင့်အညီ မူလစာကြည့်တိုက် အဆောက်အအုံကို ထပ်မံတိုးချဲ့ဆောက်လုပ်ပေးခြင်း ဖြစ်ကြောင်း၊ နောင်တိုးတက်လာမည့် လုပ်ငန်းဆိုင်ရာလိုအပ်မှုအတွက် ဆောင်ရွက်ပေးခြင်းဖြစ်သကဲ့သို့ ပြည်သူများစာပေလေ့လာလိုက်စားမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သည်နှင့်အညီ မိမိတို့နိုင်ငံရှိ ပြည်သူများနှင့်လူငယ်လူရွယ်များ၏ ပညာနှင့်နည်းပညာစွမ်းရည်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာရန် ကြိုးစားအားထုတ် လေ့လာမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်တွင်လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော် တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ကျောက်တန်းမြို့အတွက် အီလက်ထရွန်နစ် စာကြည့်တိုက်ကို ဖွင့်လှစ်ပေးခဲ့ခြင်းသည် စာပေရတနာသိုက်တစ်ခုရရှိသည့် အနေအထားမျိုးဖြစ်သဖြင့် ထိုစာပေရတနာသိုက်မှ တန်ဖိုးရှိသောပညာနှင့်နည်းပညာများတိုးတက်ရရှိလာကြစေရန် ထုတ်ယူလေ့လာအသုံးပြုနိုင်ကြမည်ဟု ယုံကြည်ကြောင်း၊ အီလက်ထရွန်နစ် စာကြည့်တိုက်ကို အရင်းခံ၍ စာပေဟောပြောပွဲ၊ ကျပန်းစကားပြောပွဲ၊ စကားရည်လုပွဲ၊ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုပြိုင်ပွဲ စသည့် စာပေလှုပ်ရှားဆောင်ရွက်မှုများကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန်လိုကြောင်း၊ စာကြည့်တိုက် တိုးချဲ့ဆောင်သစ် ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီကြသည့် အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် စာကြည့်တိုက် ရန်ပုံငွေ တိုးတက်ရေးနှင့် စာကြည့်တိုက် အဆောက်အအုံ အစဉ်ထာဝရတည်တံ့တိုးတက်မှုများရှိစေရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြစေလိုကြောင်းစသည်ဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် A.C.E ဆောက်လုပ်ရေး ကုမ္ပဏီအုပ်ချုပ်မှု ဒါရိုက်တာ ဦးတင့်ဆန်းက အီလက်ထရွန်နစ် စာကြည့်တိုက်(ကျောက်တန်း) တိုးချဲ့ဆောင်သစ်ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင့်ဆန်းက စာကြည့်တိုက်တိုးချဲ့ဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို အီလက်ထရွန်နစ် စာကြည့်တိုက်(ကျောက်တန်း) ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် ဦးအောင်မြင့်ထံ လွှဲပြောင်းပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဆရာမ မစန္ဒာက ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့မှ လှူဒါန်းသည့် စာအုပ်များကို ပေးအပ်လှူဒါန်းရာ အီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း) ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဝင် ဦးအောင်မြင့်က လက်ခံသည်။

ယင်းနောက် အီလက်ထရွန်နစ် စာကြည့်တိုက်(ကျောက်တန်း)အတွက် အလှူရှင်များဖြစ်ကြသော ဦးတင့်ဆန်း (A.C.E ဆောက်လုပ်ရေးကုမ္ပဏီ)က ငွေကျပ် သိန်း ၁၁၀၊ ဦးဝင်းမြင့် (ရွှေနဂါးမင်းကုမ္ပဏီ) နှင့် ဦးဌေးမြင့် (ယုဇနကုမ္ပဏီ) တို့က ငွေကျပ် ငါးသိန်းစီ၊ ဒေါက်တာကိုကိုကြီး (ဒိုင်းမွန်းစတားကုမ္ပဏီ)၊ ဦးညိုမင်း (မင်းဇာနီကုမ္ပဏီ)၊ ဦးဇော်ဇော်နိုင် (မေခလာကုမ္ပဏီ)၊ ဦးအောင်ဇော်ရဲမြင့်(ရဲတံခွန်ဆောက်လုပ်ရေးကုမ္ပဏီ)၊ ဦးမောင်မောင်တင် (Farmer ဖိုးရာဇာကုမ္ပဏီ) နှင့် ဦးမောင်မောင် (ရွှေကမ္ဘာမောင်မောင် ဆောက်လုပ်ရေးကုမ္ပဏီ)တို့က ငွေကျပ် သုံးသိန်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက် ကျောက်တန်းမြို့ ပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဒေါက်တာဦးစံသိန်းက အီလက်ထရွန်နစ် စာကြည့်တိုက်တိုးချဲ့ဆောင်သစ် ဆောက်လုပ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အီလက်ထရွန်နစ် စာကြည့်တိုက် (ကျောက်တန်း)တွင် ပညာရပ်ဆိုင်ရာ စာအုပ်များအပါအဝင် ဝတ္ထု၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် ရုပ်ပြစာအုပ် စုစုပေါင်း ၂၀၃၉၅ အုပ်၊ စီဒီ ၄၃၁ ချပ်၊ ကွန်ပျူတာနှင့် တယ်လီဖီးရှင်း တို့ကို ထားရှိပြီး နေ့စဉ်စာပေလေ့လာသူများ၊ စာအုပ်ငှားရမ်းသူများနှင့် ကွန်ပျူတာလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရွှေပြည်သစ်ဆီ လှမ်းတက်ချီ

* ကိုယ့်အင်ကိုယ်အား၊ ကိုယ်ကိုးစား၍၊
ကိုယ့်ဓားကိုယ်သွေး၊ ကိုယ့်ရေးကိုယ်ပွန်၊
ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်လမ်းကိုယ်ဖောက်၊
ကိုယ်တိုင်လျှောက်မှ၊
မကောက်မကွေ့၊ လမ်းမှန်တွေ့မည်၊
ချမ်းမြေ့ရွှေပြည် ဒို့ဦးတည်။

* ထောင်ချောက်ကိုဆင်၊ ပိုက်ကိုပြင်လျက်၊
လမ်းထွင်မြူဆွယ်၊ ပရိယာယ်ကို၊
စိတ်ဝယ်သတိ၊ အမြဲရှိမှ၊
မငြိနှောင်ကင်း၊ လောင်းရိပ်ရှင်းသည့်၊
ပြည်တွင်းချုပ်ခြာ၊ ခွင့်အာဏာသည်၊
ကမ္ဘာဆုံးတိုင် တည်နိုင်မည်။

* "မြူချော့" "ခြိမ်းခြောက်"၊ "ပင့်မြှောက်" "ဆို့ပိတ်"၊
"စုံမှိတ်စွပ်စွဲ"၊ "သွေးခွဲ" "သပ်လျှို"၊
"ရန်လို" "စွက်ဖက်"၊ အဖျက်အန္တရာယ်၊
အသွယ်သွယ်မှ၊ ကာကွယ်နိုင်မည့်၊
မြဲသတိနှင့်၊
မျက်စိကိုဖွင့်၊ နားကိုစွင့်၍၊
အသင့်နိုးကြား၊ ပြည်တွင်းအားဖြင့်၊
ဖယ်ရှားတွန်းလှန်၊ တွင်းပရန်ကို၊
မကျန်အမြစ်၊ တူးဖြိုပစ်မည်၊
ပြည်သစ်ဆီသို့ လှမ်းတက်ချီ။ ။

ရာသန်း(မန်းတိုင်း)

အမျိုးသားညီလာခံကိုယ်စားလှယ်များအားကစားလေ့ကျင့်ကုန်ပစ္စည်းဆိုင်များဝယ်ယူနိုင်ရန်ရောင်းချပေး

ရန်ကုန် ဇွန် ၂၀

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယ ကြံ့ခိုင်မှုလေ့ကျင့်ခန်းများပြုလုပ်ခြင်းနှင့် မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် လေ့ကျင့်ကြသည်။



အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ကိုယ်ကာယ ကြံ့ခိုင်မှု လေ့ကျင့်ခန်းများနှင့် မိမိတို့ ဝါသနာပါရာ အားကစားများကို လေ့ကျင့် ပြုလုပ်ကြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအတွက် အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာအရောင်းဆိုင်မှ အမှတ် (၁) စက်မှုဝန်ကြီးဌာန၏ စက်ရုံများမှ ထုတ်လုပ်သည့် စားကုန်၊ လူသုံးကုန်၊ ဆေးဝါး၊ အလှကုန်၊ အဝတ်အထည်နှင့် စာရေးကိရိယာ ပစ္စည်းများကိုလည်းကောင်း၊ ဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း(ဂျီအီးစီ) အရောင်းဆိုင်ကလည်း စားသုံးကုန်၊ လူသုံးကုန်၊ အထည်အလိပ်၊ စာရေးကိရိယာနှင့် လျှပ်စစ်ပစ္စည်းများကို လည်းကောင်း နေ့စဉ် ပိတ်ရက်မရှိ ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အလားတူ ဆေးနှင့်ဆေးကိရိယာ ရောင်းဝယ်ရေး မျက်မှန်ကျွမ်းကျင် (အငြိမ်းစား)ဝန်ထမ်းများဦးစီးသော မြန်မာမျက်မှန်ဆိုင်က ခေတ်မီစက်ကိရိယာများဖြင့် အခမဲ့ မျက်စိစမ်းသပ်ပေးခြင်း၊ မျက်မှန်များရောင်းချပေးခြင်းတို့ကိုလည်းကောင်း၊ စာပေဗိမာန် စာအုပ်ဆိုင်ကလည်း ညီလာခံကိုယ်စားလှယ်များအလွယ်တကူဖတ်ရှုလေ့လာနိုင်ရန် မဂ္ဂဇင်း၊ ဂျာနယ်၊ ဝတ္ထုနှင့် သုတရသစာအုပ်များ ငှားရမ်းခြင်း၊ စာပေဗိမာန်စာမူဆုရ စာအုပ်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခြင်းတို့ကိုလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအရောင်းဆိုင်ကလည်း သန့်ရှင်းလတ်ဆတ်သည့်အသင့်စားသုံးနိုင်သော စားသောက်ဖွယ်ရာပစ္စည်းများ၊ ပျားရည်နှင့်ပျားရည်ထွက် ပစ္စည်းများ၊ စည်သွတ်ဘူးများကို ရောင်းချပေးလျက်ရှိသည်။

ညီလာခံ ကိုယ်စားလှယ်များ၏ အဝတ်အထည်များကို လျှော်ဖွတ်ခြင်း၊ မီးပူတိုက်ခြင်းစသည့် ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ **(သတင်းစဉ်)**

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

မာလ်တီမီဒီယာစာသင်ခန်းဖွင့်လှစ်

နိုင်ငံတစ်ဝန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်း ကသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းတွင် မာလ်တီမီဒီယာစာသင်ခန်းကို ဤသို့ဖွင့်လှစ်ပေးခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး

စက်ရေတွင်းတူးဖော်

မန္တလေးတိုင်း ညောင်ဦးမြို့နယ်ရှိ ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် စက်ရေတွင်းများကို ဤသို့တူးဖော်ပေး ခဲ့သည်။

(ဓာတ်ပုံမှတ်တမ်း–နယ်စပ်/စည်ပင်)

ဝမ်နတ်တိုက်နယ်ဆေးရုံ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ် ဝမ်နတ် ကျေးရွာတွင် ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် တည် ဆောက်ပေးထားသော ဝမ်နတ်တိုက်နယ်ဆေးရုံကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



မြစ်သာ မြစ်ကူးတံတား

နိုင်ငံတစ်ဝန်းမှ စစ်ကိုင်းတိုင်းသို့ ဆက်သွယ် သွားလာနိုင်ရန် အတွက် မုံရွာ–ကလေးလမ်းပေါ် တွင် အရှည်ပေ ၁၃၂၀ ရှိ မြစ်သာ မြစ်ကူးတံတားကို ဤသို့ တည် ဆောက်ပေးထားသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း လွိုင်လင်လေးကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းတွင် တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်ချက်များဖြည့်ဆည်း ဆောင်ရွက်ပေးစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား လွိုင်ကော်လေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

မြို့မိမြို့ဖများကြိုဆို

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မော်တော်ယာဉ်များဖြင့် ဖရူဆိုမြို့သို့ ရောက်ရှိကြရာ လွိုင်ကော်တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးကျော်စွာမင်း၊ လွိုင်ကော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်နှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ဒေသခံများနှင့် တွေ့ဆုံ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြလှိုင်က ဖရူဆိုမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ ကယား၊ကယော၊မနုမနော၊ ဗမာ၊ ရှမ်း၊ ကရင်၊ဂေခို၊ ဂေဘားလူမျိုးများ အတူတကွ စုပေါင်းနေထိုင်မှု၊ ရပ်ကွက်၊ ကျေးရွာများ ဖွဲ့စည်းထားမှု၊ မြေယာအသုံးချနိုင်မှု၊ ဒေသ၏မိုးရွာသွန်းမှုနှင့် လယ်စပါး၊ ယာစပါး၊ နံ့စားသီးနှံများ၊ ဆီထွက် သီးနှံများ၊ စားဖိုဆောင်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ နှစ်ရှည်ပင်များစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဆန်၊ ဆီဖူလုံမှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ မြို့နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာများကို သက်ဆိုင်ရာမြို့နယ်အဆင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဒုတိယဝန်ကြီး၊ ဝန်ကြီးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သိရှိလိုသည်များကို မေးမြန်းပြီး ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း၌ လိုအပ်လျက်ရှိသည့် စာသင်ဆောင်နှင့် ပရိဘောဂများရရှိရေး အပါအဝင် မြို့နယ်၏လိုအပ်ချက်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

အရှိန်အဟုန်ရရှိစေရေး

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာတွင် မိမိနှင့်အဖွဲ့ဝင်များ ကယားပြည်နယ် လွိုင်ကော်မြို့သို့ ယနေ့ရောက်ရှိပြီးနောက် ဖရူဆိုမြို့သို့ ပထမဆုံးရောက်ရှိလာခြင်းဖြစ်ကြောင်း၊ ကယားပြည်နယ်အတွင်းရှိ အခြားမြို့နယ်များသို့ မိမိတို့ဆက်လက်သွားရောက်မှာဖြစ်ကြောင်း၊ ဤကဲ့သို့ ကယားပြည်နယ်အတွင်း လှည့်လည်သွားလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုအရှိန်အဟုန် ရရှိစေရန် ဖြည့်ဆည်းပေးသင့်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန်ဖြစ်ကြောင်း။

ကယားပြည်နယ်သည်အခြားပြည်နယ်နှင့် တိုင်းများနှင့်နှိုင်းယှဉ်က လူဦးရေအရ၊ အကျယ်အဝန်းအရ ကြီးမားကျယ်ပြန့်ခြင်း မရှိပါကြောင်း၊ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူမျိုးအသီးသီးသည်လည်း အေးချမ်းစွာ၊ ရောင့်ရဲစွာ နေတတ်ကြသည့် ဓလေ့စရိုက်များရှိကြကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

ကယားပြည်နယ်အတွင်း၌ စိုက်ပျိုးခြင်း မပြုနိုင်သေးသည့် မြေလွတ်မြေရိုင်းအများအပြားရှိနေသေးကြောင်း၊ ယင်းမြေသယံဇာတများကို ထိထိရောက်ရောက် အပြည့်အဝ အသုံးပြုကြပြီး လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှု ပိုမိုတိုးတက်အောင် လုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန် လိုအပ်ကြောင်း၊ ထို့ပြင် ပြည်သူများအနေဖြင့် တည်ငြိမ်အေးချမ်းလုံခြုံစွာ မိမိတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ ရပ်ရွာဒေသတည်ငြိမ်အေးချမ်းလုံခြုံမှုမရှိပါက စီးပွားရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖိဖိစီးစီးလုပ်ကိုင်ရန် မဖြစ်နိုင်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး၌ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လွှမ်းခြုံလာအောင် ပထမဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးရရှိအောင်လည်း ကြိုးစားဆောင်ရွက်ခဲ့ကြောင်း။

ရပ်ရွာဒေသတည်ငြိမ် အေးချမ်းပြီး တိုင်းရင်းသား ပြန်လည်စည်းလုံးညီညွတ်မှုရရှိလာသည်နှင့်အမျှ မိမိတို့သည် တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင်၊ ပြည်နယ်၊တိုင်းနယ်မြေဒေသအားလုံး မျှမျှတတဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်အလေးပေး ဆောင်ရွက်ခဲ့ကြောင်း။

ခေတ်မီစိုက်ခင်းများဖြစ်ထွန်း

ထို့ပြင် နယ်စပ်ဒေသ နယ်စွန်နယ်ဖျားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ အထူးစီမံကိန်းချမှတ်အကောင်အထည်ဖော်ခြင်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကိုလည်းကောင်း၊ ဖွံ့ဖြိုးရေးဒေသကြီးများ သတ်မှတ်၍ ဖွံ့ဖြိုးရေးဒေသဆိုင်ရာ စီမံကိန်းများကိုလည်းကောင်း ဆက်စပ်အကောင်အထည်ဖော်နိုင်ခြင်းတို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးသည် ယခင်ကနှင့်မတူဘဲ ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ နယ်စွန်နယ်ဖျားဒေသများရှိ မြို့များသည်ပင် မြို့ကြီးပြကြီးများကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ ခေတ်မီစိုက်ခင်းကြီးများနှင့် မွေးမြူရေးခြံများလည်း ဖြစ်ထွန်းလာလျက်ရှိနေပြီ ဖြစ်ကြောင်း။

ယခုအခါ တည်ငြိမ်အေးချမ်းမှု၏ အရသာ၊ ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ပြည်ထောင်စုကြီး၏ နယ်မြေဒေသအသီးသီးရှိ တိုင်းရင်းသားပြည်သူများ လက်တွေ့မျက်မြင် ရရှိခံစားနေကြရပြီလည်းဖြစ်ကြောင်း။

ကယားပြည်နယ်သည်လည်း ယခင်ကနှင့်မတူဘဲ သိသာစွာဖွံ့ဖြိုးတိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန်လည်း လိုအပ်ကြောင်း။

လူနေမှုမြင့်မားလာမည်

ဤကဲ့သို့ အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိက လိုအပ်သည်မှာ တည်ငြိမ်အေးချမ်းမှု ရှိရေးပင်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရရှိလာသည်နှင့်အမျှ ကယားပြည်နယ်သည် အခြား ပြည်နယ်၊တိုင်းများနှင့်တန်းတူ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်းသည် မြင့်မားလာမှာဖြစ်ကြောင်း။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ကြားမှုအထောက်အကူပြုပစ္စည်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများနှင့် အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ်ပညာရေးမှူးနှင့် အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

21-6 (08).p65 1 03/24/1905, 10:56 AM

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လွိုင်ကော်မြို့ ကယားပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာစည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ဖရူဆိုမြို့နယ်၌ ရောက်ရှိနေသည့် ဌာနဆိုင်ရာဝန်ထမ်းများတွင် ဒေသခံများပါမည်ဖြစ်သကဲ့သို့ အခြားဒေသမှ လာရောက် တာဝန်ထမ်းဆောင်နေရသူများလည်း ရှိမည်ဖြစ်ကြောင်း၊ မည်သို့ပင်ဖြစ်စေ မိမိတာဝန်ကျရာဒေသကို မိမိရပ်ရွာဒေသကဲ့သို့ သဘောထား၍ မဖွံ့ဖြိုး ဖွံ့ဖြိုးအောင် ကြိုးပမ်းကြရမှာ ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ လေးစားချစ်ခင်မှု၊ အားထားကြည်ညိုမှုရရှိသည့် ဝန်ထမ်းများဖြစ်လာအောင် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် သင်ထောက်ကူပစ္စည်းများဖြစ်သည့် တီဗွီ၊ ဗွီစီဒီစက်နှင့် ကွန်ပျူတာတို့ကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကိုလည်းကောင်း မြို့နယ်ပညာရေးမှူးနှင့် အထက်တန်းကျောင်းကျောင်းအုပ် ဆရာမကြီးတို့အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က မြို့နယ်အတွက် အထောက်အကူပြုပစ္စည်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ပေးအပ်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ခာတ်မှန်ဆောင်၊ ခွဲစိတ်ခန်း၊ လူနာဆောင်များနှင့် ဆေးသိုလှောင်ခန်းတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးပြီး သူနာပြုဆရာမကြီး ဒေါ်နော်လားစေးနှင့် သူနာပြု ဆရာမများ၊ သူနာပြုသင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်အားပေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဖရူဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြပြီး သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများနှင့် စာသင်ခန်းများကိုကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များဖြည့်ဆည်းပေးသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဖရူဆိုမြို့မှ ပြန်လည်ထွက်ခွာ၍ ဒီမောဆိုမြို့နယ် ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် ရောက်ရှိကြရာ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးညွန့်လွင်နှင့် မြို့နယ်မှ ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းနှင့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် ကျောင်းခန်းမဆောင်၌ မြို့နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့မိမြို့ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ထိုသို့ တွေ့ဆုံရာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတောရယ်က မြို့နယ်၏တည်နေရာနှင့် အကျယ်အဝန်း၊ မြေအသုံးချမှု၊ မိုးစပါး၊ နွေစပါးနှင့် ဒေသနှင့်ကိုက်ညီသည့် သီးနှံအမျိုးမျိုး စိုက်ပျိုးဖြစ်ထွန်းမှု၊ ဒေသဝမ်းစာဖူလုံမှု၊ ဆီဖူလုံမှုနှင့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ကိစ္စများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စများကို မြို့နယ်မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အခြေခံပညာကျောင်းများ အဆင့်မြှင့်တင်ရေး၊ မြို့နယ်ဆေးရုံကို အဆင့်မြှင့်တင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဝန်ထမ်းများ ဖြည့်စွက်ခန့်ထားရေးနှင့် အခြားလိုအပ်သည်များကို ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသည်။

စုပေါင်းဆောင်ရွက်

ထို့နောက် အတွင်းရေးမှူး(၁)က နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒ လုပ်ငန်းစဉ် (၇)ရပ်နှင့်အညီ အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပရေးအပါအဝင် လုပ်ငန်းစဉ်အဆင့်ဆင့် အောင်မြင်ရေး၊ နိုင်ငံတော်က အခိုင်အမာ တည်ဆောက်ပေးပြီးဖြစ်သည့် စီးပွားရေးအခြေခံ၊ ပညာရေးအခြေခံ၊ ကျန်းမာရေးအခြေခံ၊ လမ်းပန်းဆက်သွယ်ရေးအခြေခံစသည့် အခြေခံများကို ထိထိရောက်ရောက်အသုံးချ၍ နိုင်ငံတော်ကြီး ခေတ်မီတိုးတက်အောင်၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်ရေးတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားပြီး နိုင်ငံတော်၌ယနေ့ ရရှိထားသည့် အရှိန်အဟုန်ကောင်း၊ အခြေအနေကောင်းများကို ပိုင်းဝန်းထိန်းသိမ်း၍ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင်၊ မိမိပြည်နယ် ဖွံ့ဖြိုးသည်ထက် ဖွံ့ဖြိုးအောင် စုပေါင်းတာဝန်ယူ၊ စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် ကွန်ပျူတာ၊ ဗွီစီဒီစက်နှင့် တီဗွီစသည့် သင်ကြားမှု အထောက်အကူပြုပစ္စည်းများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မြို့နယ် ပညာရေးမှူး ဦးထွန်းရီနှင့် ဒီမောဆိုမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေဝင်းတို့အား ပေးအပ်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှင်းလင်းပြသ

အခမ်းအနားအပြီးတွင် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒီမောဆိုမြို့နယ် ပြည်သူ့ဆေးရုံကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ခံဆရာဝန် ဒေါက်တာစောအင်ဒရူးမိုးနှင့် သူနာပြု ဆရာမများက လိုက်လံ ရှင်းလင်းပြသကြသည်။

ဖြတ်သန်းကြည့်ရှု

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မော်တော်ယာဉ်များဖြင့် လွိုင်ကော်မြို့သို့ ပြန်လည် ထွက်ခွာခဲ့ကြပြီး ဒီမောဆိုမြို့နယ်ရှိ ငွေတောင်ဆည်၏ ရေသိုလှောင်ထိန်းသိမ်းထားနိုင်မှု အခြေအနေကိုလည်းကောင်း၊ ဒီမောဆို–လွိုင်ကော် ကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာ၌ စပါးနှင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှု အခြေအနေများကိုလည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်လင်လေးကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း သင်ကြားမှုသင်ယူမှုအထောက်အကူပြု အီလက်ထရွန်နစ်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ထို့နောက် လွိုင်ကော်မြို့နယ် လွိုင်လင်လေး ကျေးရွာသို့ ရောက်ရှိကြပြီး ကျေးရွာအနီး စီးဆင်းလျက်ရှိသည့် နမ့်ဒဘတ်ချောင်း၏ ရေစီးဆင်းမှုနှင့် ချောင်းပတ်ဝန်းကျင်၌ သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနေမှုများကိုလည်းကောင်း၊ ထီးခဲခါး တံတား၏ ခိုင်ခံ့မှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လွိုင်လင်လေး ကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းခန်းမ၌ ကျောင်းအုပ်ဆရာကြီးဦးဝင်းထိန်က ကျောင်း၏ ကျောင်းဆောင်များအခြေအနေ၊ ဆရာ ဆရာမအင်အား၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ပညာသင်ကြားမှု၊ ပညာသင်ကြားပေးနေမှု အခြေအနေများ၊ ကျောင်းဆောင်သစ် ဆောက်လုပ်ရေးအပါအဝင် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်း၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သင်ကြားမှုသင်ယူမှုအထောက်အကူပြု အီလက်ထရွန်နစ်ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဒေသခံများ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား နှုတ်ဆက်သည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် လွိုင်လင်လေး တိုက်နယ်ဆေးရုံသို့သွားရောက်၍ တိုက်နယ်ဆေးရုံ အဆောက်အအုံကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

မျိုးဖြန့်ဖြူးရန်တင်ပြ

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁) နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် ဖယ်ခုံမြို့နယ် မိုးဖြဲကျေးရွာအုပ်စုရှိ ရွှေရင်အေး SR-456နွေစပါးမျိုးပွားစိုက်ခင်းကေ၅ဝသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာဦးပြေသိန်းက မိုးဖြဲဆည်မှ စိုက်ပျိုးရေရရှိမှု အခြေအနေများ၊ ရွှေရင်အေး SR-456 နွေစပါးမျိုးပွားစိုက်ခင်းများ၏ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများ၊ ရွှေရင်အေးစပါးမျိုးကို တောင်သူများ နှစ်ခြိုက်သဘောကျမှုများနှင့် မျိုးဖြန့်ဖြူးရန် စီစဉ်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၁)က ဒေသနှင့် ကိုက်ညီသည့် အထွက်ကောင်း မျိုးစပါး တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် စပါးခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံ၍ စိုက်နည်းစနစ်များ၊ဓာတ်မြေဩဇာထည့်သွင်းမှု၊ စိုက်ပျိုးစရိတ် ကုန်ကျငွေနှင့် ပြန်လည်ရရှိနိုင်မည့် ဝင်ငွေအခြေအနေများကို မေးမြန်းသည်။

အထွက်ကောင်းမျိုး

ရွှေရင်အေး SR-456 စပါးမျိုးမှာ စားသုံးသူများနှစ်သက်သည့် စပါးမျိုးဖြစ်ပြီး အထွက်နှုန်းကောင်းသည့် စပါးမျိုးလည်း ဖြစ်ကြောင်းသိရှိရသည်။

စိုက်ခင်းများကြည့်ရှု

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မိုးဖြဲကျေးရွာအုပ်စု၌ပင် စမ်းသပ်စိုက်ပျိုးထားသည့် ဆင်းရွှေလီ နွေစပါးမျိုးပွား စိုက်ခင်းများကိုလည်း ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် လွိုင်ကော်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဗိုလ်မှူးချုပ်သိန်းအောင်တို့နှင့်အတူ ညပိုင်းတွင် လွိုင်ကော်မြို့ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြည်နယ်နှင့် လွိုင်ကော်ခရိုင်၊ လွိုင်ကော်မြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဒီမောဆိုမြို့နယ်တို့မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း လွိုင်လင်လေး တိုက်နယ်ဆေးရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

❐ ကျောဖုံးမှ

အဂ္ဂမဟာပဏ္ဍိတ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသေဋ္ဌိလာဘိဝံသနှင့် နန်းဖဲသာသနာပြုကျောင်း ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညောဘာသ၊ ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဝိမုတ္တိသုခရိပ်သာ ကျောင်းဆရာတော် မဟာကမ္မဋ္ဌာနာ စရိယ ဘဒ္ဒန္တကေသရဓဇတို့ အမှူးပြုသည့် ဆရာတော် သံဃာတော်များကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်မြင့်သိန်း၊ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်မျိုးမင်း၊ ဖယ်ခုံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးလွင်၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ကယားပြည်နယ်မှ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွှေထီးတော်တင် မင်္ဂလာအခမ်း အနားကျင်းပရေးကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ အဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဒေသခံနှင့် ပတ်ဝန်းကျင်ဒေသများမှ တိုင်းရင်းသားပြည်သူများအပါအဝင် ရဟန်းရှင်လူပြည်သူများ အထူးစည်ကားစွာ တက်ရောက်ကြည်ညိုကြသည်။

ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို နေစက် လစက် စေတီတော်ရင်ပြင် မြောက်ဘက်အာရုံခံ တန်ဆောင်းရှေ့ဦကျင်းပရာ ပြည်နယ်ဥပဒေအရာရှိ ဦးမြင့်အောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားတင်ပြသည်။

အစီအစဉ်အရ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး လွိုင်ကော်မြို့ ရွှေတောင်ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆရာတော်ကြီးများထံ ဆက်ကပ်ကြသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်တို့က ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ပရိတ်ရေပက်ဖျန်း

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်တို့ကို ယူဆောင်၍ စေတီတော်ဝတ္တကမြေ၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးက ပြည်နယ်အတွင်း သာသနာရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လျှောက်ထားတင်ပြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက စိန်ဖူးတော်နှင့်လှူဖွယ်ပစ္စည်းများကို ရွှေတောင်ကျောင်းဆရာတော်အား ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများသည် ဆပ်သွားဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကိုဆက်ကပ်လှူဒါန်းသည်။

ရေစက်သွန်းချအမျှဝေ

ဆက်လက်၍ရွှေတောင်ကျောင်းဆရာတော်က အနုမောဒနာနှင့်ရေစက်ချတရားတော်ချီးမြှင့်ရာ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ပရိသတ်တို့က လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက စိန်ဖူးတော်ကိုလည်းကောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက ငှက်မြတ်နားတော်ကိုလည်းကောင်း ဦးဆောင်ပင့်ဆောင်ကြ၍ ရွှေထီးတော်ဘုံ အဆင့်ဆင့်ကို သာသနာ့အလံကိုင်အဖွဲ့များ၊ ဒေဝါဝင်း ရာဇာဝင်းအဖွဲ့များနှင့်အတူ နေစက်လစက်စေတီတော်အား လက်ယာရစ်သုံးကြိမ် လှည့်လည်ပူဇော်ကြ၍ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပင့်ဆောင်ကြသည်။

ထိုကဲ့သို့ စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံဆင့်များအား လှည့်လည်ပူဇော်နေချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က ဓမ္မတေးများဖြင့် သီကျူးပူဇော်ကြသည်။

ပင့်ဆောင်တင်လှူ

ထို့နောက် မင်္ဂလာအချိန်ရောက်သည်နှင့် ရွှေထီးတော်ပထမဘုံဆင့်ကို အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက နံ့သာရည်များပက်ဖျန်း၍ တီးကြားကုသိုလ်ဖြစ် ထီးတော်တင်မိသားစု၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပေးကြသည်။

ဆက်လက်၍ ရွှေထီးတော်ဘုံအဆင့်ဆင့်၊ ဆပ်သွားဖူး၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို နံ့သာရည်များ ပက်ဖျန်း၍ မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ အစီအစဉ်အလိုက် ပင့်ဆောင် တင်လှူပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကိုစေတီတော်အထွတ်၌ ကိုယ်တိုင်တပ်ဆင် လှူဒါန်းပူဇော်ပေးကြပြီး စိန်ဖူးတော်အား ရောင်ခြည်တော်ဖွင့်၍ နံ့သာရည်များနှင့် ပက်ဖျန်းပူဇော်ကြသည်။

ရွှေထီးတော်တင်လှူ

စိန်ဖူးတော် တင်လှူပူဇော်သည်နှင့်အရံစေတီရှစ်ဆူ၏ ရွှေထီးတော်များကိုလည်း တာဝန်ရှိသူများက တင်လှူပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အမျှဝေစာတမ်းဖတ်ကြားသည်။

ဆက်လက်၍ သံဃာတော်အရှင်သူမြတ်များက နေစက် လစက်စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ရွှေမိုးငွေမိုးရွာ

ထို့နောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး မင်္ဂလာအခမ်းအနားအောင်မြင်ပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များက ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

နိုင်ငံတော်နှင့်အတူ တပ်မတော်သားများနှင့် မိသားစုများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့်မိသားစုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စေတနာရှင် အလှူရှင်များ၊ တိုင်းရင်းပြည်သူများ၏ စုပေါင်း လှူဒါန်းမှုများဖြင့် ဤနေစက်လစက် စေတီတော်အား ဥဏှာတော်အမြင့် ၁၁၁ ပေ အမြင့်ဆောင်သည့် စေတီတော်အဖြစ် တည်ထား ကိုးကွယ်ကြခြင်း ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လွိုင်ကော်မြို့ နေစက်လစက်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ရွှေထီးတော်ဘုံအဆင့်ဆင့်ကို စေတီတော်အထွတ်သို့ မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်တင်လှူကြစဉ်။ (သတင်းစဉ်)

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းအမှတ်(၆၂)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

မိုးဦးကာလ မြန်မာ့မြင်ကွင်း ကျေးလက်ရှုခင်း သရုပ်ဖော်ပန်းချီဖြင့် နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၆၂)ကို ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်၍ ထုတ်ဝေဖြန့်ချိထားသည်။ **(ယာပုံ)**

မင်းယုဝေ၊ မောင်ဆုရှင်၊ မြင်းမူမောင်နိုင်မိုး၊ ရန်နိုင်ဦး၊ မင်းရွှေမင်း(အင်းစိန်)၊ ညိုလွမ်းအောင်၊ မောင်ခိုင်နွယ်၊ ပုသိမ်မောင်ကြေးရည်၊ အေးမျိုးကြည်၊ ကောင်းညွန့်ဝေ(ရေစကြို)၊ ခမ်းစုဝင်းကြည်(သီပေါ)တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ နုယဉ်၊ ပခုက္ကူ ဦးအုံးဖေ၊ တက္ကသိုလ်တင်ခ၊ မကြန်၊ ဒေါက်တာမတင်ဝင်း၊ ဒေါက်တာလှဖေ၊ လယ်တွင်းသားစောချစ်၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မြင့်သိန်းအောင်၊ ချစ်နိုင်(စိတ်ပညာ)၊ မိုးထက်မောင်မောင်၊ မွေးငယ်ငယ်၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်မြင့်သိန်း၊ မောင်သက်ထွန်း(ဇီးကုန်း)တို့၏ ဆောင်းပါးများ၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ချစ်စံဝင်း၊ မောင်ဆန္ဒ(လယ်ဝေး)၊ နန္ဒာမိုးကြယ်၊ ဦးဗကလေး၊ မင်းလဲ့ရီ၊ ပုသိမ်အောင်သန်းဦး၊ မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)၊ မောင်သာမွှေး၊ ဆန်းပိုပိုလွင်၊ ပုသိမ်လှကြည်၊ ဇင်၊ ကြွေကြူတို့၏ ဝတ္ထုတို ဝတ္ထုရှည်များအပြင် ဗုဒ္ဓစာဥယျာဉ်၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာပန်းရုံရိပ်၊ အမျိုးသမီးကဏ္ဍ၊ ကာတွန်း၊ ဟာသကဏ္ဍစုံလင်စွာ တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်၊ စာပေဗိမာန်စာအုပ်ဆိုင်နှင့် အခြားဆိုင်ကြီးများ၊ မန္တလေး၊ ပြည်၊ မကွေး၊ ကလော၊ တောင်ကြီး၊ မော်လမြိုင်၊ ပျဉ်းမနား၊ ပဲခူး၊ လားရှိုး၊ ဟဲဟိုး၊ ရွှေဘို၊ မအူပင်၊ ကျောက်တန်း၊ ကွမ်းလုံ၊ တန့်ယန်း၊ မူဆယ်မြို့နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အိုင်ဒီယာမဂ္ဂဇင်းဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

တာရာမင်းဝေ၊ လွန်းထားထား၊ မနောဟရီ၊ မောင်ထွန်းသူ၊ နေဝင်းမြင့်၊ ဖေမြင့်၊ မောင်စူးစမ်း၊ ချစ်ဦးညို၊ ဒေါက်တာကျော်စိန်၊ တင့်လတ်သန္တာဗိုလ်၊ စိုးသိဏ်း၊ ဇဝရက်၊ သီတာရေစင်၊ မမြူ၊ ရူပါသိမ်း၊ ကိုကိုကြီးကျယ်၊ မြတ်ခိုင်၊ ကံချွန်၊ စောဝေတို့၏ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ၊ ကာတွန်းဖက်ရှင်အလှပုံရိပ်တို့ဖြင့် နှစ်ဆယ့်တစ်ရာစုခေတ်၏ သုတ၊ ရသ၊ အတွေးအမြင်များကို ဖွဲ့စည်းထင်ဟပ်ထားသော ၂၀၀၄ခုနှစ် ဇူလိုင်လထုတ် အိုင်ဒီယာမဂ္ဂဇင်းကို နှစ်ပတ်လည်အထူးထုတ်အဖြစ် အမှတ် ၁၂၇ မြေညီထပ် ၄၃လမ်း ရန်ကုန်မြို့က ဖြန့်ချိထားကြောင်းသိရသည်။ **(က–ပ)**

သံတွဲခရိုင်အသင်းဒုတိယအကြိမ်ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၀

သံတွဲခရိုင်အသင်း (ဂွ၊ တောင်ကုတ်၊ သံတွဲ) ဗုဒ္ဓဘာသာဝင်များ၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၈ရက် (၁၃၆၆ခုနှစ် ဒုတိယဝါဆိုလဆန်း ၂ရက်) တနင်္ဂနွေနေ့တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ ဗုဒ္ဓဘာသာဝင် အသင်းသူအသင်းသားများထံမှ အလှူငွေ အလှူပစ္စည်းများကို အသင်းရုံးအမှတ် ၁၀၄ ပထမထပ်(ဝဲ)၊ ၃၉လမ်း ကျောက်တံတားမြို့နယ် ဖုန်း–၃၈၂၀၈၇၊ ဥက္ကဋ္ဌ ဦးကျော်ရင် ဖုန်း–၃၇၆၈၄၈၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်း ဖုန်း–၂၉၁၂၀၀၊ အတွင်းရေးမှူး ဦးမောင်မောင်ခင် ဖုန်း–၅၇၁၀၁၆၊ ဘဏ္ဍာရေးမှူး ဦးညွန့်လွင် ဖုန်း–၅၄၀၂၄၁၊ စာရင်းစစ်ဦးမြမောင် ဖုန်း–၆၄၃၆၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ ရန်ကုန်မြို့ရှိ သံတွဲခရိုင်ဇာတိ ကျောင်းထိုင်သံဃာတော်များအား ပင့်ဆောင်ထားပါကြောင်းနှင့် သံဃာတော်များအား နေ့ဆွမ်း၊ ပရိသတ်များအား နံနက်စာထမင်းဖြင့် ဧည့်ခံမည်ဖြစ်ရာ သံတွဲခရိုင်သူ ခရိုင်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်းသိရသည်။ **(က–ပ)**

တိုင်းရင်းသားများ သတင်းစာ အစောဆုံးနှင့်အမြန်ဆုံးဖတ်နိုင်ရန်ကြိုးပမ်း

နိုင်ငံတော်၏ရည်မှန်းချက်အောင်မြင်ရေး ပြည်သူများအချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်ပြန်ကြားပေး

ရန်ကုန် ဇွန် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များနှင့် ကျေးရွာနေ တိုင်းရင်းသားညီအစ်ကိုများ ဒေသခံပြည်သူများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် သတင်းစာများကို အစောဆုံးနှင့်အမြန်ဆုံး ဖတ်ရှုနိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် လားရှိုးမြို့ ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ (မြောက်ပိုင်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမနှင့် လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အဆိုပါ ပုံနှိပ်တိုက်ခွဲဥပစာတို့၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့ တက်ရောက်၍ လားရှိုးမြို့ ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း)ကို ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနား ပထမပိုင်း အစီအစဉ်ကို နံနက် ၇နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးနှင့် တာဝန်ရှိသူများ၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ညွှန်ကြားရေးမှူး (စီမံ)ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သန့်ဇင်နှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့ အသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ရန်ကုန်၊ မန္တလေးမြို့ကြီးများနည်းတူ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့ကို တစ်ပြိုင်နက်တည်း ဖတ်ရှုနိုင်ရန် စတင်ပုံနှိပ်ထုတ်ဝေနိုင်ပြီဖြစ်သည့်အတွက် ဂုဏ်ယူရမည့်နေ့တစ်နေ့ဖြစ်ကြောင်း။

နေ့ချင်းပေါက်သတင်းစာရောက်

သတင်းစာဆိုသည်မှာ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအကြား၊ ပြည်သူနှင့် ပြည်သူအကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့် အချက်အလက်များကို အကျယ်ပြန့်ဆုံး သိရှိနိုင်အောင် လုပ်ဆောင်ပေးသော မီဒီယာဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နေသည့်အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ မြန်မာပြည်တစ်နံတစ်လျား၊ နယ်စပ်ဒေသများပါမကျန် အဘက်ဘက်က တိုးတက်ဖွံ့ဖြိုးလာအောင် နေ့မအား ညမနား ဆောင်ရွက်နေသည်များကို ပြည်သူများ သိရှိနားလည်သဘောပေါက်ရန်အတွက် ယခုကဲ့သို့ ရှမ်းပြည်နယ် (မြောက်ပိုင်း)လားရှိုးမြို့၌ ကိုယ်ပွားသတင်းစာကို ပုံနှိပ်ဖြန့်ချိပေးရခြင်းဖြစ်ကြောင်း၊ မန္တလေးက ပေးပို့မည့် သတင်းစာများကို စောင့်ဖတ်ရန် မလိုတော့ဘဲ အချိန်နှင့်တစ်ပြေးညီ ဖတ်ရှုနိုင်မည့်အပြင် ဝန်းကျင်တစ်ဝိုက်၌ရှိသည့် မြို့နယ်များ၊ ကျေးရွာများပါမကျန် နေ့ချင်းပေါက် သတင်းစာများ ရောက်ရှိတော့မည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ မန္တလေး၊ မကွေး၊ ကျိုင်းတုံ၊ ကလေး၊ မြစ်ကြီးနား၊ စစ်တွေ စသည့် ဒေသများ၌ ကိုယ်ပွား သတင်းစာတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ခဲ့ပြီး ဖြစ်သကဲ့သို့ ယခု လားရှိုးမြို့၌ အဋ္ဌမမြောက် သတင်းစာတိုက် တည်ထောင်ပေးခြင်းဖြစ်သည့်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

အချိန်နှင့်တစ်ပြေးညီသိရှိ

နိဂုံးချုပ်အနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်း၌ မှီတင်းနေထိုင်ကြသော တိုင်းရင်းသားများအားလုံးသည် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် နိုင်ငံတော်အစိုးရက ဆောင်ရွက်နေသည်များကို အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ပြီဖြစ်သည့်အတွက် ကိုယ်ပွားသတင်းစာတိုက် တည်ထောင်ပေးသော နိုင်ငံတော်အစိုးရကို ကျေးဇူးအထူးတင်ရှိကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကိုယ်စား ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကား ပြောကြားရာတွင် လားရှိုးကိုယ်ပွားသတင်းစာတိုက် ဖွင့်လှစ်နိုင်ခြင်းသည် နိုင်ငံတော်၏ ရည်မှန်းချက် အောင်မြင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနက စီမံချက်နှင့်အညီ အကောင်အထည်ဖော်သော လုပ်ငန်းတစ်ခု အောင်မြင်စွာ စတင်နိုင်ခြင်းဟု ဆိုရမည်ဖြစ်ကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် ကိုယ်ပွားသတင်းစာတိုက်များကို မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ ကျိုင်းတုံ၊ မကွေး၊ စစ်တွေနှင့် ကလေးမြို့တို့၌ ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း။

ရှစ်ခုမြောက်ဖွင့်လှစ်

ယခု လားရှိုးကိုယ်ပွားသတင်းစာတိုက်မှာ ရှစ်ခုမြောက် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မကြာမီ တနင်္သာရီတိုင်း မြိတ်မြို့၌လည်း ဆက်လက်ဖွင့်လှစ်ပေးရန်ရှိကြောင်း။

နည်းလမ်းအသွယ်သွယ်

ပြန်ကြားရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် ပြည်သူများ သိသင့်သိထိုက်သော သတင်းများကို အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန် ပြန်ကြားပေးခြင်း၊ ပြည်သူများ ဆောင်သင့်ဆောင်အပ်၊ ရှောင်သင့် ရှောင်အပ်သည်များကို သိရှိနိုင်အောင် ပညာပေးခြင်း၊ ပြည်သူများ အပန်းဖြေနိုင်ရန် ဖျော်ဖြေပေးခြင်း ဆိုသည့်လုပ်ငန်းများကို Print Media, Electronic Media နှစ်မျိုးကို အသုံးပြုပြီး နည်းလမ်းအသွယ်သွယ်ဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် လားရှိုးမြို့ ရှမ်းပြည်နယ် ပုံနှိပ်တိုက်ခွဲ(မြောက်ပိုင်း)ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်စိုးကလည်းကောင်း၊ သတင်းစာများ ဖြန့်ချိမည့် အစီအမံများနှင့်စပ်လျဉ်း၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြပြီး ဒေသခံ ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားကာဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို လားရှိုးမြို့ ဟူးမွန်ကျေးရွာရှိ အဆိုပါ ပုံနှိပ်တိုက်ခွဲ၌ နံနက် ၉နာရီတွင် ကျင်းပရာ ရှေးဦးစွာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ပုံနှိပ်တိုက်ခွဲ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက ပုံနှိပ်တိုက်ခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်သည်။

ဆက်လက်၍ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပုံနှိပ်တိုက်ခွဲအတွင်း မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ရိုက်နှိပ်ထုတ်ဝေနေမှုလုပ်ငန်း အဆင့်ဆင့်ကို လိုက်လံကြည့်ရှုကြပြီး တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများ အဆင်ပြေ ချောမွေ့စေရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဖတ်ရှုအားပေး

မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများကို ၂၀၀၄ခုနှစ် ဇွန် ၂၀ရက် ယနေ့မှစတင်၍ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်အသီးသီးနှင့်ကျေးရွာများသို့ သတင်းစာပုံနှိပ်တိုက်ခွဲမှ တိုက်ရိုက် ပုံနှိပ်ဖြန့်ဝေလိုက်သည်။ လားရှိုးမြို့မှ သတင်းစာကိုယ်စားလှယ်များက လားရှိုးမြို့ပေါ်ရှိသတင်းစာဖတ်ပြည်သူများ နံနက်စောစောအိပ်ရာထ သတင်းစာများ ဖတ်ရှုနိုင်ကြစေရန် အတွက် တက်ကြွစွာ ဆောင်ရွက်ပေးနေကြပြီး လားရှိုးမြို့ပေါ်ရှိ လူစည်ကားသည့် လက်ဖက်ရည်ဆိုင်များ၊ ကားဂိတ်များ၊ ဘူတာရုံနှင့် ဈေးများတွင်လည်း နံနက် ၆နာရီမှစ၍ လားရှိုးမြို့သူ မြို့သားများနှင့် နံနက်စောစောခရီးသွား ပြည်သူများ ဝမ်းသာစွာဝယ်ယူဖတ်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် လားရှိုးမြို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ့အလင်း၊ ကြေးမုံကိုယ်ပွားသတင်းစာတိုက် ရှမ်းပြည်နယ်ပုံနှိပ်တိုက်ခွဲ (မြောက်ပိုင်း) ဖွင့်ပွဲအခမ်းအနားတွင် ပုံနှိပ်တိုက်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကြံခင်းရေဝန်းဆရာတော်သစ္စာတရားဟောကြားမည်

ရန်ကုန် ဇွန် ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း)ကြံခင်းမြို့ စံရာတိုက် ရေဝန်းကျောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တ စိန္တိတ (သာသနဓဇဓမ္မာစရိယ)သည် ရေဝန်းကျောင်းအတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ်(၈၀)မွှာရုံတွင် ဝါတွင်းသုံးလ ဥပုသ်သီတင်းနေ့တိုင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာလာရောက်နိုင်ရန်အတွက် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေ

ရန်ကုန် ဇွန် ၂၀

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သောင့်သက်သာရေး...

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သောချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိသည်။

ယမန်နေ့ညပိုင်းတွင် ဒါရိုက်တာအောင်ကျော်ဦးရိုက်ကူးပြီး သရုပ်ဆောင်နေအောင်၊ မို့မို့မြင့်အောင်၊ ကျော်သက်၊ စုဒါလီတို့ ပါဝင်သရုပ်ဆောင်ထားသည့် **"ချစ်ရည်းစား"** ရုပ်ရှင်ဇာတ်ကားဖြင့် ပြသဖျော်ဖြေတင်ဆက်ရာ ညီလာခံကိုယ်စားလှယ်များ ကြည့်ရှုအပန်းဖြေကြသည်။ **(သတင်းစဉ်)**

တနင်္သာရီတိုင်းနှင့်ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်

ရန်ကုန် ဇွန် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အရ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းတို့နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ပဲခူးတိုင်းနှင့်တနင်္သာရီတိုင်းတို့၌နေရာကွက်၍ မိုးကြီးခဲ့သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေကြောင်း သိရသည်။

ဇွန်၂၁ရက်ညနေအထိခန့်မှန်းချက်အရ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့ နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့၌ နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင်၄၀မှ ၄၅မိုင်ထိ တိုက်ခတ်နိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(မြန်မာ့အလင်း)

မှတ်သားဖွယ်ရာမိုးရေချိန်များ

အမ်းမြို့	၆ ဒသမ ၉၄ လက်မ	ထားဝယ်မြို့	၄ ဒသမ ၂၉ လက်မ
ကျောက်ဖြူမြို့	၆ ဒသမ ၅၀ လက်မ	ရွှေကျင်မြို့	၃ ဒသမ ၆၆ လက်မ
စစ်တွေမြို့	၅ ဒသမ ၄၃ လက်မ	ကျောက်တော်မြို့	၃ ဒသမ ၆၂ လက်မ
သံတွဲမြို့	၅ ဒသမ ၂၀ လက်မ	ရေးမြို့	၂ ဒသမ ၃၆ လက်မ
မောင်တောမြို့	၅ ဒသမ ၀၄ လက်မ		

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၅၅)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်(၄၅၅)ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိသည်။ **(အပေါ်ပုံ)**

မီဒီယာခေတ်မကျန်ရစ်ဖို့ ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာ သတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား ဖော်ပြနေသည့် နိုင်ငံတကာ သတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ရေအောက်သတ္တလောကနှင့် သယံဇာတ စူးစမ်းမှု၊ ဒိန်းမတ်ဘုရင့်နိုင်ငံအကြောင်း သိကောင်းစရာ၊ အိုင်အေအီးအေ၏ ဆုံးဖြတ်ချက်မူကြမ်းကို လက်မခံသည့် သမ္မတခါတာမီ၊ ဆားစ်ရောဂါ ကာကွယ်ဆေးစမ်းသပ်မှု၊ ဂျပန်တော်ဝင်မိသားစုအတွင်းရေး၊ အိန္ဒိယ–ပါကစ္စတန် ငြိမ်းချမ်းရေးအလားအလာ၊ အီရတ်ရေနံလုပ်ငန်း အခက်အခဲများ၊ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ဆွေးနွေးပွဲ၊ စီအိုင်အေ၏ သူလျှိုလုပ်ငန်း၊ ဝိညာဉ်လောက သရုပ်ဖော် ပန်းပုဆရာ၊ နိုင်ငံတကာဟာသ၊ ကိုရီးယားစစ်မဲ့ဇုန်မှ အပြောင်းအလဲများ၊ ဗီဇာကန့်သတ်မှုကြောင့် အမေရိကန် စီးပွားရေးနစ်နာ၊ ယုံချင်ယုံ မယုံချင်နေ၊ ပန်ဒါ၀က်ဝံ သတင်းကောင်း၊ ဆန်စပါးဈေးကွက်၊ ဘေးဥပါဒ်ဆိုက်နေသော ဝေလငါးများ၊ ဗီဂျီကား(သို့မဟုတ်)ဟင်းရွက်ဆီနှင့် မောင်းသောကား၊ အာရှ–ပစိဖိတ်ဒေသစီးပွားရေးခန့်မှန်းချက် စသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ထူးချွန်အားကစားသမားများအား ဂုဏ်ပြု

ရန်ကုန် ဇွန် ၂၀

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ထူးချွန်အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့ညပိုင်းတွင် ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာ/အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမဌကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းအဖွဲ့အစည်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အားကစားကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ထူးချွန်အားကစားအသင်းများမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမစတင်မီ ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဂုဏ်ပြုဆုငွေချီးမြှင့်

ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားပြီး အောင်ပွဲရအားကစားအသင်းများမှ ကိုယ်စားလှယ်များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ကာ **(ဓါတ်ပုံ)** ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံပြီး ဂုဏ်ပြုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

တာမွေမြို့နယ်စာပေနှင့်စာနယ်ဇင်း နှစ်လည်စည်းဝေး ဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံရှင်းလင်း

ရန်ကုန် ဇွန် ၂၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့အစည်းအဝေး အတွေ့အကြုံရှင်းလင်းပွဲနှင့် နှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို တာမွေမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီက ဇွန် ၂၀ရက် နံနက် ၉နာရီခွဲတွင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစီအစဉ်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို)ယာယီဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်)၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုး **(အောက်ပုံ)**၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)တို့က အမှာစကားပြောကြားကြသည်။

ထပ်ဆင့်ရှင်းလင်း

ဆက်လက်၍ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တတိယအကြိမ် ညီလာခံဗဟိုဦးစီးအဖွဲ့ အစည်းအဝေး အတွေ့အကြုံများကို မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးအောင်(စိုးအောင်/တိုင်းရင်းဆေးသိပ္ပံ)က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တာမွေမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီနှစ်ပတ်လည်လုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဆက်လက်ကျင်းပသည်။

ထို့နောက် တာမွေမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ စည်းရုံးရေးကော်မတီက "မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ တာမွေမြို့နယ်"ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

အိုလံပစ်နေ့လှုပ်ရှားမှု လျှပ်တစ်ပြက်တင်းနစ်ပြိုင်ပွဲ

ရန်ကုန် ဇွန် ၂၀

အိုလံပစ်နေ့(Olympic Day Run)လှုပ်ရှားမှုအဖြစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် Olympic Day Run Movement တင်းနစ်ပြိုင်ပွဲကို သိမ်ဖြူတင်းနစ်ကွင်း၌ ယနေ့ကျင်းပသည်။

ပြိုင်ပွဲကို နှစ်ယောက်တွဲပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဇော်ဇော်လတ်(မြို့တော်စင်ပင်)တို့အတွဲက ပထမရရှိ၍ ဗိုလ်ချုပ်စိုးမောင်(ကာကွယ်ရေး)၊ အေးထွန်း(သစ်တောရေးရာ ဝန်ကြီးဌာန)တို့အတွဲက ဒုတိယရရှိပြီး ဖြိုးမင်းသာ၊ သက်မာထွန်းတို့အတွဲနှင့် ကျော်ကျော်ချို၊ သန္တာအောင်အတွဲတို့က တတိယအသီးသီး ရရှိခဲ့ကြသည်။ ဆုများကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်(မက်စ်မြန်မာကုမ္ပဏီလီမိတက်)က ချီးမြှင့်သည်။ **(သတင်းစဉ်)**

ပိုစတာပြိုင်ပွဲဆုရသူများ

ရန်ကုန် ဇွန် ၂၀

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ Asian Harn Reduction Network (AHRN)၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အိပ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်နှင့် မူးယစ်ဆေးထိုးခြင်း အန္တရာယ်တားဆီးရေး ပိုစတာပြိုင်ပွဲ ဆုရသူများအမည်စာရင်းကို သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာရာ ပထမ ဦးအောင်ဇာခိုင်(ပန်းချီအေးလေး)(ပြည်မြို့)၊ ဒုတိယ ဦးခင်မောင်မြင့်(တောင်ငူမြို့)၊တတိယဦးမြတ်ဟန်(သာကေတ)၊ ပန်းချီအကောင်းဆုံးဆု ဦးလှဟန် (တောင်ဒဂုံဆိပ်ကမ်း)၊ ကာတွန်း အကောင်းဆုံးဆု မသင့်သင့်စိမ်း(သာကေတ)၊ ပိုစတာစိတ်ကူးအကောင်းဆုံးဆု ဦးကျော်ဦး(ရန်ကုန်)၊ အထူးဆုများမှာ ဦးခင်မောင်လေး(မန္တလေး)၊ ဦးရာဇာထွန်း(မရမ်းကုန်း)၊ ဦးဇာနည်ထွန်း(ဒဂုံမြို့သစ်အရှေ့ပိုင်း)၊ ဦးလှိုင်ဝမ်း(တောင်ဥက္ကလာပ)၊ ဦးဇော်ဝင်း(ငှက်ပျောသီး)(ဘောဂီမြို့သစ်)တို့ ရရှိကြပြီး ဆုရသူများ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)ဖုန်း-၂၄၀၉၆၆၊လိုင်းခွဲ-၇၀၆နှင့် ၇၀၇ သို့ အမြန်ဆုံးသတင်းပေးပို့ကြရန် ဖြစ်သည်။ **(က-ပ)**

မြန်မာနယူးစ်ဂျေဇက် အတွဲ(၁)၊ အမှတ်(၆)ဖြန့်ချိ

ရန်ကုန် ဇွန် ၂၀

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂျေဇက်ဂျာနယ်အတွဲ(၁)၊ အမှတ်(၆)ဖြန့်ချိထားသည်။

ယခုအပတ်ထုတ်ဂျာနယ်တွင် အိန္ဒိယမှဒီဇယ်များ ဇူလိုင်လတွင် မြန်မာနိုင်ငံစတင် တင်ပို့မည်ဆို၊ အာဆီယံမယ်ရွေးချယ်ပွဲ ၂၀၀၅သို့ ပြောင်းရွှေ့၊ မြန်မာ-ဘင်္ဂလားဒေ့ရှ်ကုန်သွယ်မှုမြှင့်တင်ရေး ရန်ကုန်၌ဆွေးနွေးမည်၊ နိုင်ငံခြားသင်္ဘောသားများ နိုင်ငံခြားငွေတရားဝင်ထုတ်ယူကိုင်ဆောင်နိုင်မည်၊ ရှောပင်းမောလ်ပေါ် ဟိုတယ်ဖွင့်လှစ်မည်၊ ချင်းတွင်းမြစ်ကြောင်းသွား အဆင့်မြင့် အထူးအမြန် ရေယာဉ်များ၊ ဗန်ကောက်တွင် ရွှေ့လျားနာရီကုဆေးခန်းများ အလုပ်ဖြစ်နေ၊ အရည်အချင်းစစ် စာမေးပွဲများ မရှိတော့သဖြင့် စင်ကာပူပိုလီယိုကျောင်းသားများ တက္ကသိုလ်တက်ခွင့်ပွင့်လာ၊ မျက်နှာနေရာကိုကြည့် ရောဂါသိစသည့် ပြည်တွင်း၊ ပြည်ပစီးပွားရေးရာသတင်းများ၊ ဆောင်းပါးများ၊ နယ်စပ်ကုန်စည် ဈေးကွက်နှင့် မြန်မာပြည်အနှံ့ရှိ ကုန်စည်ဒိုင်သတင်းများဖြင့် ဝေဝေဆာဆာ ထည့်သွင်းဖော်ပြထားပြီး e-Empire Media House ဖုန်း-၇၀၃၈၁၃က မြန်မာတစ်ပြည်လုံးသို့ဖြန့်ချိကြောင်း သိရသည်။ **(က-ပ)**

အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ မြန်မာအမျိုးသမီးအသင်း ပါဝင်ဆင်နွှဲမည်

ရန်ကုန် ဇွန် ၂၀

စင်ကာပူနိုင်ငံတွင် ဇွန် ၂၂ရက်မှ ၂၆ရက်အထိကျင်းပမည့် (၁၃)ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသမီးလူငယ်ဘော်လီဘောပြိုင်ပွဲ၌ ပါဝင်ဆင်နွှဲရန် မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးဦးမောင်ဝင်းခေါင်းဆောင်သော မြန်မာလူငယ်အမျိုးသမီးဘော်လီဘော လက်ရွေးစင်အသင်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြသည်။ **(အပေါ်ပုံ)**

မြန်မာအမျိုးသမီးလူငယ် လက်ရွေးစင်အသင်းတွင် အုပ်ချုပ်သူဦးသိန်းဝင်း(အေးရှားဝေါလ်)၊ နည်းပြချုပ် ဦးအုန်းရှိန်(လက်ထောက်ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်း အား/ကာ)နှင့် လက်ထောက်နည်းပြ ဦးမြတ်ချိုဝင်း(မန်နေဂျာ၊ ပို့ဆောင်ရေး)တို့ကခေါင်းဆောင်ကြပြီး အားကစားသမားများအဖြစ် ပို့ဆောင်ရေးမှ စန္ဒာဌေး၊ ထက်ထက်လှိုင်၊ မိုးမိုးစန်း၊ အင်စွမ်၊ ဖြိုးပိုပိုထွေး၊ ယဉ်နှင်းဖြူနှင့် အေးအေးနု၊ ဆောက်လုပ်ရေးမှ အင်ဆန်း၊ ကာကွယ်ရေးမှ ရှူးရှူးမောင်၊ သန္တာခိုင်၊ ချိုချိုဝင်းနှင့် စောရတနာဝင်းတို့ ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၀

နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူရသော ဒေးဒရဲမြို့နယ်နွယ်ဖွားဆရာတော်ကြီးများဖြစ်ကြသည့် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကန်ဦးဇေတဝန်စာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ နန္ဒသာမိ ဘိဝံသ မထေရ်မြတ်နှင့် ရန်ကုန်မြို့ အလုံအောင်မင်္ဂလာပါဠိတက္ကသိုလ် ကျောင်းတိုက်သစ် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ ကောသလ္လ ဆရာတော်ကြီးတို့အား ဒေးဒရဲမြို့နယ်သူ မြို့နယ်သား၊ အသင်းသူအသင်းသားတို့က ဂုဏဝိသေဋ္ဌပူဇာယနမင်္ဂလာပူဇော်ပွဲနှင့် ဒေးဒရဲမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ၊ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကျောင်းတော်ကြီးအား ရေစက်ချလှူဒါန်းပွဲ မင်္ဂလာအခမ်းအနားတို့ကို အမှတ် ၅၇၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်ရှိ ဒေးဒရဲမြို့နယ်အသင်း ဓမ္မာရုံကျောင်းတော်ကြီးတွင် ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့)နံနက် ၉နာရီ၌ ကျင်းပမည်ဖြစ်ရာ လှူဖွယ်ပစ္စည်းများ အလှူငွေများကို နီးစပ်ရာအသင်းအမှုဆောင်များထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နာမည်ကြီးဂျာမနီနှင့် မျက်နှာသစ်လတ်ဗီးယားသရေကျ ဟော်လန်နှစ်ဂိုးဦးဆောင်ပြီးမှ ချက်က သုံးဂိုးပြန်သွင်းခဲ့

ရန်ကုန် ဇွန် ၂၀

၂၀၀၄ခုနှစ် ဥရောပဖလား ဘောလုံးပြိုင်ပွဲ (Euro 2004)ကို ပေါ်တူဂီနိုင်ငံ၌ ဆက်လက်ကျင်းပလျက်ရှိရာ အုပ်စုဒုတိယမြောက်ပွဲစဉ်များ ယှဉ်ပြိုင်ကစားခဲ့ကြပြီးဖြစ်သည်။ အုပ်စု(ဃ) ပွဲစဉ်များအဖြစ် ဇွန် ၁၉ရက် မြန်မာစံတော်ချိန် ည ၁၀ နာရီခွဲတွင် ဂျာမနီအသင်းနှင့် လတ်ဗီးယားအသင်းတို့ ယှဉ်ပြိုင်ကစားရာ တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိ သရေပွဲ ဖြစ်သွားသည်။ ဇွန် ၂၀ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီ ၁၅ မိနစ်တွင် ချက်အသင်းနှင့် ဟော်လန်အသင်းတို့ယှဉ်ပြိုင်ကစားရာ ချက်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု(ဃ)မှ နာမည်ကြီး ဂျာမနီအသင်းသည် ဥရောပဖလား ဘောလုံးပြိုင်ပွဲ၌ ပထမဆုံးအကြိမ်ခြေစစ်ပွဲ အောင်မြင်ပြီး ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့သော မျက်နှာသစ် လတ်ဗီးယားကို အနိုင်မကစားနိုင်ဘဲ တစ်မှတ်စီခွဲယူလိုက်ရသည်။ ဂျာမနီအသင်းသည် ဘောလုံးပိုင်ဆိုင်မှုပိုများပြီး လတ်ဗီးယားအသင်းဘက်ကို ပွဲချိန်တစ်လျှောက်လုံးနီးပါး တစ်ဖက်သတ် ဖိကစားနိုင်သော်လည်း ဂိုးရရှိအောင် ဖန်တီးနိုင်ခြင်းမရှိခဲ့ပေ။

ဂျာမနီအသင်းသည် လတ်ဗီးယားနှင့်သရေကျသွား၍ အုပ်စုတက်ရေး မရေမရာဖြစ်သွားသည်။ အုပ်စုနောက်ဆုံးပွဲအဖြစ်ချက်နှင့် ကစားရမည်ဖြစ်ရာ ခြေစွမ်းအားဖြင့် ဂျာမနီမယှဉ်နိုင်ပေ။ သို့သော် ချက်အသင်းမှာ အုပ်စုပထမရရန် သေချာနေပြီဖြစ်ရာ ဂျာမနီအတွက် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

ဟော်လန်နှင့်ချက်

ဟော်လန်အတွက် ပထမဂိုးကို ပွဲစပြီး ၄ မိနစ်အကြာတွင် အလွတ်တည်ကန်ဘောမှတစ်ဆင့် ရော်ဘင်ကန်ပို့ပေးလိုက်သည့် ဘောလုံးကို ဟော်လန်နောက်တန်းလူ ဘောမားက ခေါင်းတိုက်သွင်းယူသည်။ ဟော်လန်အတွက် ဒုတိယဂိုးကို ပွဲချိန် ၁၉ မိနစ်တွင် အလယ်တန်းလူ အဂ္ဂါဒေးဗစ်က ရော်ဘင်ကိုထိုးပေးလိုက်ပြီး ရော်ဘင်က ဂိုးရှေ့သို့ ကန့်လန့်ဖြတ်ချိုးရာ နစ္စတယ်ရွိုင်းက ဂိုးသမား ပီတာဆက်ချ်၏ ဘယ်ဘက်ထောင့်ထဲသို့ ပိတ်သွင်းယူခဲ့သည်။

ချက်ချေပဂိုး

ချက်အသင်းအတွက် ပထမချေပဂိုးကို ပွဲချိန် ၂၃ မိနစ်တွင် ဟော်လန် အသင်းခေါင်းဆောင် ကိုကူးနောက်ပြန်ပေးသည့် ဘောလုံးကို မီလန်ဘားရို့စ် ဆွဲယူသွားပြီး နောက်တန်းလူ ဂျက်စတမ်းကို လိမ်ခေါက်ကာ အနေတော်ထိုးပေးရာ ဂျန်ခိုလာက ဗန်ဒါဆား၏ ညာဘက်သို့ ကန်သွင်းယူသည်။

ချက်အတွက် ဒုတိယချေပဂိုးကို မိနစ် ၇၀ တွင် နက်ဗက် ဂိုးရှေ့ဖြတ်တင်ပေးသည့် ဘောလုံးကို ဂျန်ခိုလာ ရင်ဘတ်ဖြင့်ထိန်းပြီး ချပေးရာ မီလန် ဘားရို့စ်က ကန်သွင်းယူခဲ့သည်။ ချက်အသင်းအတွက် အနိုင်ဂိုးကို ၈၈ မိနစ်တွင် ဂိုးသမား ဗန်ဒါဆားပုတ်ထုတ်၍ ပြန်ထွက်လာသည့် ဘောလုံးကို ပိုဘော့စကီးက ဖမ်းထိန်းပြီး ထိုးပေးရာ စမိုက်ဆာက အပိုင်ပိတ်သွင်းယူခဲ့သည်။

(မြန်မာ့အလင်း)

■ *ကျော်ဖုံးမှ*

အုပ်စုပွဲစဉ်များ မပြီးဆုံးမီ အုပ်စုတက်ရန် သေချာသွားသည့်အသင်းမှာအုပ်စု(ဃ)မှချက်အသင်းဖြစ်သည်။ ချက်အသင်းသည် ယူရို ၂၀၀၄ ၌ ပထမဆုံး နှစ်ပွဲဆက်တိုက် အနိုင်ရသော အသင်းအဖြစ် မှတ်တမ်းဝင်သွားသည်။ ဘူဂေးရီးယားနှင့် ရုရှားတို့ ပွဲစဉ်မကုန်မီအုပ်စုမှ ထွက်ရန် သေချာသွားခဲ့သည်။ လက်ကျန်ပွဲစဉ်များအနက် လတ်ဗီးယားနှင့် ဟော်လန်၊ ချက်နှင့် ဂျာမနီ၊ ဆွီဒင်နှင့် ဒိန်းမတ်၊ အီတလီနှင့် ဘူဂေးရီးယား ပွဲစဉ်များသည် ပရိသတ်ကို ဖမ်းစားနိုင်နိုင်မည့်ပွဲများဖြစ်သည်။

အုပ်စု(ခ)

အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များသည် အုပ်စုတက်ရေး အဆုံးအဖြတ်ပွဲစဉ်များဖြစ်ရာ မြန်မာ့ဘောလုံးဝါသနာရှင်များ အထူးစိတ်ဝင်စားတစား ကြည့်ရှုကြမည် ဖြစ်သည်။ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များအဖြစ် ဇွန်၂၂ရက် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၁၅မိနစ်တွင် ခရိုအေးရှားနှင့် အင်္ဂလန်၊ ဆွစ်ဇာလန်နှင့်ပြင်သစ်တို့ တစ်ချိန်တည်း တစ်ပြိုင်တည်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ခရိုအေးရှားနှင့်အင်္ဂလန်

အုပ်စု(ခ)မှ ခရိုအေးရှားနှင့် အင်္ဂလန်ပွဲကို နှစ်သင်းစလုံးအတွက် အရေးပါသောပွဲဖြစ်မည်ဟု ခန့်မှန်းခဲ့ကြရာထင်သည့်အတိုင်း ဖြစ်လာခဲ့သည်။ အင်္ဂလန်သာ ပြင်သစ်ကို နိုင်ခဲ့လျှင် ယခုပွဲမှာ အဓိကမကျတော့ဘဲ ခရိုအေးရှား အိမ်ပြန်ရန် သေချာနေပြီဖြစ်သည်။ သို့သော် လက်ရှိ အနေအထားတွင် အင်္ဂလန် အိတ်ထဲ၌ သုံးမှတ်ရှိထားသလို ခရိုအေးရှားလက်ထဲ၌ နှစ်မှတ်ရှိထား၍ နှစ်သင်းစလုံး ပြင်သစ်နောက်မှ ဒုတိယတန်းလက်မှတ်ဖြင့် ကွာတားဖိုင်နယ်တက်ခွင့်ရှိနေကြသည်။

ယခုပွဲစဉ်သည် အင်္ဂလန်အသင်းအတွက်ယူရို ၂၀၀၀ပြိုင်ပွဲကို ပြန်လည်အမှတ်ရစရာဖြစ်နေသည်။ ထိုစဉ်က အုပ်စုနောက်ဆုံး ပွဲစဉ်တွင် ရိုမေးနီးယားနှင့် ကစားရပြီး သရေကျလျှင် အင်္ဂလန်အုပ်စုတက်မည့်အနေအထားမှ ပွဲပြီးခါနီး၌ ပယ်နယ်တီဂိုးဖြင့်ရှုံးပြီး အုပ်စုမှ လှည့်ပြန်ခဲ့ရသည်။ ယခု ခရိုအေးရှားနှင့်ပွဲတွင်လည်း အင်္ဂလန်အသင်း သရေကျလျှင် အုပ်စုတက်မည်ဖြစ်သလို ခရိုအေးရှားသည် ရိုမေးနီးယားကဲ့သို့ ဒုက္ခပေးနိုင်သော ခြေစွမ်းမျိုး ပိုင်ဆိုင်နေသည်။

ခရိုအေးရှားနောက်တန်းလူ အီဂေါတူဒေါ (အပေါ်ပုံ) **အင်္ဂလန် တိုက်စစ်မှူး ဝိန်းရူနီကို ဟန့်တား နိုင်ပါမည်လော။**
(ဓာတ်ပုံ–အင်တာနက်)

အင်္ဂလန်အသင်းနှင့် ခရိုအေးရှားတို့ နောက်ဆုံးဆုံတွေ့ခဲ့သည့်နှစ်ကြိမ်တွင် အင်္ဂလန်က သုံးဂိုး–တစ်ဂိုးဖြင့် နိုင်ကာ ကျန်တစ်ပွဲတွင် တစ်ဂိုးစီ သရေကျ ထားသည်။ အုပ်စုတွင်း ကစားခဲ့သည့် နှစ်ပွဲကိုပြန်ကြည့်လျှင် အင်္ဂလန်က ပြင်သစ်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် ရှုံးသော်လည်း ခရိုအေးရှားက ပြင်သစ်နှင့် နှစ်ဂိုးစီ သရေကျခဲ့သည်။ ခရိုအေးရှားက ဆွစ်ဇာလန်နှင့် ဂိုးမရှိ သရေကျခဲ့သော်လည်း အင်္ဂလန်က ဆွစ်ဇာလန်ကို သုံးဂိုး–ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ ခရိုအေးရှား၏ ခြေမှန်မှာ ပြင်သစ်နှင့် ပွဲဖြစ်ပြီး အင်္ဂလန်က နှစ်ပွဲစလုံးခြေမှန်ဟုဆိုနိုင်သည်။ အင်္ဂလန်ကပြင်သစ်ကို အနည်းဆုံး သရေမျှ ကျခဲ့သင့်သည်။

ကစားဟန်ပြောင်း

အင်္ဂလန်နည်းပြ အဲရစ်ဆင်သည် ဘောလုံးသမားဘဝက မထင်ပေါ်ခဲ့သော်လည်း နည်းပြဘဝတွင် အောင်မြင်သော နည်းပြတစ်ဦး ဖြစ်သည်။ အဲရစ်ဆင် တာဝန်ယူ ကိုင်တွယ်ပြီးနောက်ပိုင်းတွင် အင်္ဂလန်အသင်းသည် ခြေစစ်ပွဲစဉ်များနှင့် နိုင်ငံတကာပြိုင်ပွဲများ၌ ခြေစွမ်းပြလာနိုင်ပြီး အထိုက်အလျောက်အောင်မြင်မှုရလာခဲ့သည်။

ယခင် နည်းပြများလက်ထက်က အင်္ဂလန်အသင်းသည် သမားရိုးကျကန်တင်ပြေး စနစ်သာ ကစားခဲ့သော်လည်း အဲရစ်ဆင် လက်ထက်တွင် ကစားကွက်ဖော်ကာ တစ်ဦးချင်းကျွမ်းကျင်မှုနှင့် အသင်းလိုက် ညီညွတ်မှုကို ပေါင်းစပ်ထားသည့် ဘောလုံးပိုင်ဆိုင်မှုကို ဦးစားပေးသော ကစားဟန်ဖြစ်ထွန်းလာသည်။

ယခင်က ပါဝါကို ဦးစားပေးလွန်းခဲ့ပြီး အမြင့်ဘောများကိုသာ အားပြုတိုက်စစ်ဆင်ရာမှ ယခုအခါ ခွန်အား (Power)နှင့် ကျွမ်းကျင်မှု (Skill)ကို ညီညွတ်မျှတစွာ ကစားလာနိုင်ခဲ့သည်။ ထို့ပြင် အင်္ဂလန်အသင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာမှာ မည်သည့်ပွဲ၌မဆို တိုက်ပွဲဝင်စိတ်ဓာတ် (Fighting Spirit) အပြည့်ဖြင့် ကစားတတ်ခြင်းပင် ဖြစ်သည်။

အင်္ဂလန်အသင်း

အင်္ဂလန်အသင်း နောက်တန်းတွင် ညာအစွန်မှ ဂယ်ရီနဗီးလ်(မန်ယူ)၊ ဘယ်နောက်ခံလူ အက်ရှလေကိုးလ်(အာဆင်နယ်)၊ နောက်တန်း အတွင်းလူများဖြစ်သော ဆိုးကမ်းဘဲလ်(အာဆင်နယ်)နှင့် ဂျွန်တယ်ရီ(ချယ်လ်ဆီး)တို့သည် ကမ္ဘာ့အဆင့်မီ နောက်တန်းလူများ ဖြစ်သည်။ တိုက်စစ်နှင့် ခံစစ်နှစ်မျိုးစလုံး ကျွမ်းကျင်စွာ ကစားနိုင်သည်။ ပြင်သစ်နှင့်ပွဲတွင် ဂျွန်တယ်ရီ ဒဏ်ရာမသက်သာသေး၍ လက်ဒလေကင်း(တော့တင်ဟမ်)ကို ထည့်သုံးခဲ့ရာ အဆင်ပြေစွာကစားနိုင်ခဲ့သည်။

အလယ်တန်း၌ အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း(ရီးယဲမက်ဒရစ်)၊ ပေါလ်စခိုး(မန်ယူ)၊ ဖရန့်လမ်းပတ်(ချယ်လ်ဆီး)နှင့် စတီဗင်ဂျာရတ်(လီဗာပူး)တို့ပါဝင်ရာ လက်ရှိပရီမီယာလိဂ်မှ အကောင်းဆုံးအလယ်တန်းလူ သုံးဦးနှင့် ဒေးဗစ်ဘက်ခမ်းကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ပေါလ်စခိုး နေရာဝင်ကစားသည့် အိုဝင်ဟားဂရေ့စ်(ဘေယန်မြူးနစ်)သည်လည်း လျင်မြန်မှုနှင့်ကစားအားကောင်းသည်။

ရှေ့တန်းကို ကြည့်လျှင်လည်း လူငယ် တိုက်စစ်အတွဲဖြစ်သည့် မိုက်ကယ်အိုဝင်နှင့် ဝိန်းရူနီ အတွဲမှာ တစ်ဖက်နောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်သည်။ ဆွစ်ဇာလန်နှင့်ပွဲတွင် မိုက်ကယ်အိုဝင် အနေတော်တင်ပေးသည့်ဘောလုံးကို ဝိန်းရူနီ ခေါင်းတိုက်သွင်း၍ ပထမဂိုးရရှိခဲ့သည်။ အိုဝင် မှန်းထားသလောက် ခြေစွမ်းမပြနိုင်သေးသော်လည်း တစ်ပွဲထက်တစ်ပွဲ ကောင်းလာနိုင်သည်။ နည်းပြ အဲရစ်ဆင်အနေဖြင့် ခရိုအေးရှားနှင့်ပွဲတွင် စိတ်ကူးမလွဲဘဲ အိုဝင်နှင့် ဝိန်းရူနီ အတွဲကိုသာ သုံးရမည်ဖြစ်သည်။ ဆွစ်ဇာလန်နှင့်ပွဲတွင် ဝိန်းရူနီ တစ်ဝါထိထား၍ ယခုပွဲ ကစားခွင့်ရဦးမည် ဖြစ်သည်။

ခရိုအေးရှားအသင်း

ခရိုအေးရှား၏ခြေမှန်ကို ပြင်သစ်နှင့်ပွဲ၌တွေ့ခဲ့ကြရသည်။ ပြင်သစ်ကို နှစ်ဂိုးသွင်းနိုင်သည်မှာ တော်ရုံခြေစွမ်းမျိုးမဟုတ်ပေ။ တိုက်စစ် မှူး ဒါတိုပါဆို၊ ဆိုကိုတာနှင့်အိုလစ်တို့ ခြေနုတ်ခြေသိမ်းမြန်ပြီး လုစ်ခနဲလှစ်ခနဲ ထိုးဖောက်နိုင်သည်။ သို့သော် ခရိုအေးရှားကစားပုံက ခပ်ကြမ်းကြမ်း (Foul- Play)ဖြစ်၍ ပြစ်ဒဏ်ဘောမကြာခဏပေးရတတ်သည်။ ဒေးဗစ်ဘက်ခမ်းလို ဖရီးကစ် စပါယ်ရှယ်လစ်ပါနေသည့် အင်္ဂလန်အသင်းကို မိမိကွင်းဘက်၌ အလွတ်တည်ကန်ဘော များများပေးမိလျှင် ဂိုးပေးရသည်နှင့်တူပေလိမ့်မည်။

ခရိုအေးရှားအသင်းသည် ဆွစ်ဇာလန်နှင့်ပွဲတွင် ကစားသမား ငါးဦး အဝါကတ်အပြခံရပြီး ပြင်သစ်နှင့်ပွဲတွင် ကစားသမား လေးဦး အဝါကတ်ပြခံခဲ့ရသည်။ သို့သော် ကံကောင်းသည်မှာ နှစ်ပွဲဆက်တိုက် အဝါထိသူမရှိသေး၍ လူစုံတက်စုံ ပါဝင်လာမည်ဖြစ်သည်။ ခရိုအေးရှားအသင်း ပြင်သစ်ကို သရေကျအောင် ကစားသည့် ခြေစွမ်းဖြင့် အင်္ဂလန်ကိုကစားခဲ့လျှင် ပွဲကြီးပွဲကောင်းပင်ဖြစ်သည်။

အင်္ဂလန်နိုင်မည်

အင်္ဂလန်အနေဖြင့် သရေဆိုလျှင် ဖြစ်သော်လည်း ယူရို ၂၀၀၀ပွဲက အတွေ့အကြုံကို အဲရစ်ဆင်သင်ခန်းစာယူမည်ဖြစ်သည်။ အဲရစ်ဆင်၏ နည်းဗျူဟာ၊ နည်းစနစ်ကျွမ်းကျင်မှုသည် ခရိုအေးရှားနည်းပြ အော့တိုဘာရစ်ထက် ခေါင်းတစ်လုံးစာပိုမြင့်နေသည်။

အင်္ဂလန်အသင်းသည် ကစားပြီးသည့်နှစ်ပွဲမှခြေစွမ်းအရဗိုလ်စွဲနိုင်သည့် အနေအထားပင် ဖြစ်သည်။ တစ်ပွဲနှင့်တစ်ပွဲ နည်းဗျူဟာ မထပ်အောင်လုပ်နိုင်စွမ်းသော အဲရစ်ဆင်၏ ဦးနှောက်နှင့် ဝိန်းရူနီ၏ ခပ်ကြမ်းကြမ်း ထိုးဖောက်ဂိုးသွင်းမှုကို ခရိုအေးရှားတို့ တောင့်ခံနိုင်စွမ်း မရှိနိုင်ပါ။ အင်္ဂလန်က ခရိုအေးရှားကိုအနိုင်ယူပြီး ကွာတားဖိုင်နယ်သို့ ရင်ကော့၍တက်သွားနိုင်မည်ဟု စာရေးသူတွက်ဆမိသည်။

ပြင်သစ်နှင့် ဆွစ်ဇာလန်

ပြင်သစ်နှင့် ဆွစ်ဇာလန်ပွဲအပေါ် ပွဲကြိုခန့်မှန်းချက်ထုတ်ရာ၌ နည်းဗျူဟာ၊ နည်းစနစ်၊ ကစားသမားအင်အားနှင့် ခြေစစ်ပွဲရလဒ်စသည့် အချက်များကို ရှည်ရှည်ဝေးဝေး စဉ်းစားသုံးသပ်နေရန် လိုအပ်လိမ့်မည် မထင်ပါ။

ပြင်သစ်နိုင်မည်

ဆွစ်ဇာလန်အသင်းသည် ခရိုအေးရှားနှင့်ပွဲတွင် ဗိုဂျယ် နှစ်ဝါအနီကတ်ဖြင့် အထုတ်ခံရပြီး အင်္ဂလန်နှင့်ပွဲတွင် ဘက်ဟန့် နှစ်ဝါအနီကတ်ဖြင့်အထုတ်ခံခဲ့ရသည်။ ဆွစ်ဇာလန်တို့ အဝင်ကြမ်း၊ အထွက်ကြမ်းသည်ဖြစ်ရာပြင်သစ်နှင့်ပွဲတွင် အနီနှင့် ထွက်ရသူ ရှိလာနိုင်သည်။ ပြင်သစ်အသင်းမှ ဆီဗက်စတာကြောင့် ပယ်နယ်တီတစ်လုံးတော့ မှန်မှန်ပေးနေရသည်။ ဆီဗက်စတာက တစ်ဝါသာရှိထား၍ ယခုပွဲပါဝင်လာဦး မည်ထင်သည်။

ပြင်သစ်နှင့် ဆွစ်ဇာလန်ပွဲကို အဖြေထုတ်ရသည်မှာ အဖြေသိပြီးသား ပုစ္ဆာတစ်ပုဒ်ကို တွက်ရသည်နှင့်တူနေသည်။ သို့သော် ပြင်သစ်က ဆွစ်ဇာလန်ကို အနိမ့်ဆုံး သုံးဂိုးပြတ်နိုင်မည်ဟု စာရေးသူက မြင်ယောင်နေမိသောအခါ စိတ်လှုပ်ရှားစရာပွဲတစ်ပွဲ ဖြစ်လာရပေသည်။ ။

(မြန်မာ့အလင်း)

အုပ်စု(ခ)မှ အင်္ဂလန်နှင့်ဆွစ်ဇာလန်ပွဲစဉ်တွင် အင်္ဂလန်အတွက် ပထမဂိုး သွင်းယူပေးသူ တိုက်စစ်မှူး ဝိန်းရူနီ ဤသို့ ကျွမ်းထိုး၍ ပျော်မြူးခဲ့သည်။
(ဓာတ်ပုံ–အင်တာနက်)

■ အုပ်စု(ခ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ပြင်သစ်	၂	၁	၁	–	၄	၃	၄
၂	အင်္ဂလန်	၂	၁	–	၁	၄	၂	၃
၃	ခရိုအေးရှား	၂	–	၂	–	၂	၂	၂
၄	ဆွစ်ဇာလန်	၂	–	၁	၁	၀	၃	၁

■ အုပ်စု(ဃ) ရပ်တည်မှုအနေအထား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်း	ပေး	ရမှတ်
၁	ချက်	၂	၂	–	–	၅	၃	၆
၂	ဂျာမနီ	၂	–	၂	–	၁	၁	၂
၃	ဟော်လန်	၂	–	၁	၁	၃	၄	၁
၄	လတ်ဗီးယား	၂	–	၁	၁	၁	၂	၁

မြန်မာ့ရုပ်မြင်သံကြား

၂၁–၆–၂၀၀၄
(တနင်္လာနေ့)
နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၀၅ ၆။ ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၂၀ ၇။ ယူးချောင်းတံတား
၈း၃၀ ၈။ International News
၈း၄၅ ၉။ Let's Go
၉း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၀၅ ၂။ Euro 2004 ဘောလုံးပွဲ ထုတ်လွှင့်မှု အစီအစဉ် **(ရုရှားနှင့် ဂရိ)**
၁၆း၄၅ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၈း၀၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုအားလုံး) (ရူပဗေဒ)
၁၈း၁၅ ၅။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသားရိုးရာအစားအစာ (ကချင်)
၁၈း၂၀ ၆။ Discovery
၁၈း၃၀ ၇။ ညနေခင်းသတင်း
၁၉း၀၀ ၈။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၁၉း၂၀ ၁၀။ စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၉း၃၀ ၁၁။ တေးဂီတအစီအစဉ်
၁၉း၄၅ ၁၂။ ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း–၅၀)

နံနက်ပိုင်း

၁း၁၅ ၁၇။ Euro 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် **(ခရိုအေးရှားနှင့်အင်္ဂလန်)**
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

ဝိပဿနာရှုပွားနည်း ဟောပြောပို့ချမည်

ရန်ကုန် ဇွန် ၂၀

အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ ဓမ္မရသ ရိပ်သာကမ္မဋ္ဌာန်းနည်းပြဆရာကြီးဦးသန်းရွှေ(ဒလ-အုံ့ကြီး)က မင်္ဂလာ တောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရ ရဟန္တာသိမ်ဖြူတော်ကြီး တွင် ဇွန် ၂၄ရက်မှ ၃၀ရက်အထိ ညနေ၆နာရီခွဲမှ ၈နာရီအထိလည်း ကောင်း၊ ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းလုပ်သားများဓမ္မာရုံတွင် ဇူလိုင်၁ရက်မှ၇ရက်အထိ ညနေ၆နာရီမှ၇နာရီခွဲအထိလည်းကောင်း ဝိပဿနာရှုပွားနည်းများ ဟောပြောပို့ချမည်ဖြစ်သည်။ **(က-ပ)**



ရွှေမန်းမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာ မည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင် မြတ်အောင်လင်း(ခ)အောင်အောင် [၁၂/ လသန (နိုင်)၀၁၉၄၄၂]သည် မိဘ၏ ဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ ယနေ့မှစ၍ သား အဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ဦးစိုးမြင့်
ဒေါ်ခင်မြင့်အေး။



မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်လမ်း၊ အမှတ်(၄၀၆)နေ
ဦးချစ်ခိုင်-ဒေါ်တင်စိန်တို့၏မြေး
ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဉ့်ငူရပ်ကွက်၊ ရွှေကျီးလမ်း၊ အမှတ်(၅၁၂)နေ
ဦးတင်ဝင်း-ဒေါ်သန်းထွေး(ပန်းသီးမုန့်တိုက်) တို့၏သား

မောင်သန်းနိုင်ဝင်း B.Sc (Chemistry)

နှင့်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ သုမနလမ်း၊ အမှတ်(၄၄၇)နေ
ဒေါ်ထွေး(ဒေါ်ထွေး ငရုတ်သီးမှုန့်အမျိုးမျိုးထုတ်လုပ်ဖြန့်ချိရေး)၏မြေး
ဦးသိန်းဝင်း-ဒေါ်လှလှမြင့် တို့၏သမီး

မစုစုဝင်း B.Sc (Botany)

တို့၏ ၁၀-၆-၂၀၀၄ ရက် (ကြာသပတေးနေ့)တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ် တရားသူကြီးဦးထွန်းရှင်အားလည်းကောင်း၊ ၂၀-၆-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် Yuzana Garden Hotel ၌ ကျင်းပသော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာ အောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားနှင့် ဇနီး ဒေါ်ခင်အေးအားလည်းကောင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇနီး ဒေါ်ခင်နွယ်နွယ်အားလည်းကောင်း၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုး မိတ်သင်္ဂဟ များအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်စိုးဦး၊ သတို့သားအရန် မောင်လေးဇော်ဇော်နှင့် သတို့သမီးအရန် ညီမလေးဝိုင်းတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးသော မထိုက်ထိုက်အောင်၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော သမီးလေး ဆုလဲ့ဝေနှင့် သမီးလေးခင်ရတနာမွန် တို့အားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှပြင်ဆင်ပေးသော ဦးအောင်ဝင်းနှင့်ဇနီး အန်တီဘုတ်(ဗိုလ်ချုပ် ဈေး)အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဆင်မြန်းပေးသော ဒေါ်လာမြင့်အောင်၊ မိတ်ကပ်ဆံပင်အောင်အောင် နှင့်အဖွဲ့တို့အားလည်းကောင်း၊ တေးသံသာများဖြင့် သီဆိုဖျော်ဖြေပေးသော The Aces အဖွဲ့သားများအား လည်းကောင်း၊ မင်္ဂလာညှော်ခံပွဲမှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော ကိုဌေးဝင်း (မြန်မာ့အသံ)နှင့် အဖွဲ့အားလည်းကောင်း၊ Yuzana Garden Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပွဲဖြစ်မြောက် အောင်မြင်ရန် ကူညီဆောင်ရွက်ပေးကြသော နှစ်ဖက်သောမိဘဆွေမျိုး မိတ်သင်္ဂဟများအားလုံးကို လည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သန်းနိုင်ဝင်း-မစုစုဝင်း။

ပြန်ကြားရေးဝန်ကြီးဌာနတွင်အသုံးပြုရန်လိုအပ်သော ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ သတင်းစာစက္ကူများကို ဝယ်ယူလိုပါသည်။

(က)သတင်းစာစက္ကူ(48.8 Gsm) (28 1/4"/ 34"/ 40" Width) တန် ၁၄၀၀
(ခ) သတင်းစာစက္ကူ (48.8 Gsm)""(30" Width) တန် ၁၈၀၀
(ဂ) သတင်းစာစက္ကူ (48.8 Gsm)""(34" Width) တန် ၁၃၅

၂။ တင်ဒါပေးသွင်းမှုကို ၃၀-၆-၂၀၀၄ရက် ၁၆း၃၀နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း ပြည်ပပစ္စည်းများဝယ်ယူရေးနှင့်
ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့
ဖုန်း-၂၄၅၆၃၁၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅



21-6 (14).p65 1 03/24/1905, 10:57 AM

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းဆိုင်ရာလုံခြုံရေး ညှိနှိုင်းစည်းဝေး ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂၀

အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းဆိုင်ရာ လုံခြုံရေးကိစ္စရပ်များ ညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၈ရက် မွန်းလွဲ ၁၂နာရီခွဲက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်မျိုးတင်၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရဲ့နေချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကား

ရှေးဦးစွာ ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမောင်၊ ညွှန်ကြားရေးမှူး (ပျံသန်းစစ်ဆေးရေး)နှင့် ညွှန်ကြားရေးမှူး(လေယာဉ်စက်မှု) တို့က Aviation Security Audit Team စစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများက ဆောင်ရွက်ထားရှိပြီး အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ထို့နောက် တက်ရောက်လာသူများက အကြံပြုဆွေးနွေးတင်ပြကြရာ ဝန်ကြီးက အဆိုပါကိစ္စနှင့်ပတ်သက်၍ လိုအပ်သော ကော်မတီဖွဲ့စည်းကာ ဆောင်ရွက်ကြရေးမှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စုပေါင်းသွေးလှူဒါန်း

ရန်ကုန် ဇွန် ၂၀

တပ်မတော်ဆေးရုံကြီးသို့ ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်း မြို့နယ်အမှတ်(၁)ရပ်ကွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ သွေးလှူရှင်(၆၀) တို့သည် ဇွန်၁၈ရက် နံနက်၁၀နာရီကတပ်မတော်ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်း သွေးလှူဒါန်းကြသည်။

ရှေးဦးစွာ ရန်ကုန်အနောက်ပိုင်းခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်ဆောင်က သွေးလှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ကုသမှု အကူဌာနကြီးမှူး ဗိုလ်မှူးကြီးမျိုးညွန့်က ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိမ်တော်ကြီးဆောက်ရန်ငွေလှူ

ရန်ကုန် ဇွန် ၂၀

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သီတာရုံကျောင်းတိုက်အတွင်း မဟာဝိဇယကာရီရတနသိမ်တော်ကြီးဆောက်လုပ်ရန်အတွက် ဇွန် ၁၈ ရက်က ရန်ကုန်မြို့ ဦးထုံ ရွှေပန်းထိမ်ရတနာရွှေဆိုင်မှ ရွှေပန်းထိမ်ဆရာကြီး ဦးထုံ၏ အသက်(၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ဦးထုံနှင့် သားသမီးမိသားစု တို့က အလှူငွေကျပ် ၇၈၀၀၀၀ ကို သီတာရုံကျောင်းတိုက်ဆရာတော် သာသနာဓဇ သိရီပဝရ ဓမ္မာစရိယ ထံသို့ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ထို့ပြင် ဇီဝိတဒါနသံဃာ့ ဆေးရုံကြီး ငွေပဒေသာပင်အတွက် အလှူငွေကျပ် ခုနစ်သောင်း၊ မိဘမဲ့ကလေးများနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးပရဟိတ ကျားကျောင်းငွေပဒေသာပင်အတွက် အလှူငွေကျပ်ခုနစ်သောင်း၊ သိမ်ဖြူလမ်းရှိ ဆင်းရဲသူများစောင့်ရှောက်ရေး သီလရှင်ကျောင်းဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ်ခုနစ်သောင်း၊ ကြည့်မြင်တိုင်မြို့နယ် မျက်မမြင်ကျောင်းအတွက် အလှူငွေကျပ်ခုနစ်သောင်း၊ မေရီချက်ပမင်းဆွံ့အနားမကြား ကျောင်းအတွက် အလှူငွေကျပ်ခုနစ်သောင်း၊ စိတ်ကျန်းမာရေးဆေးရုံကြီး ငွေပဒေသာပင်အတွက် အလှူငွေကျပ်ခုနစ်သောင်း၊ စုစုပေါင်းအလှူငွေကျပ် ၁၂ သိန်းကို ရွှေပန်းထိမ်ဆရာကြီးဦးထုံ မွေးနေ့အလှူအဖြစ်လှူဒါန်းခြင်းဖြစ်သည်။ **(က-ပ)**

ဇွန် ၁၈ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း ချင်းပြည်နယ်ရှိ ဖလမ်း-ဟားခါးလမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆောက်လုပ်ရေး)

ဂုဏ်ပြုလွှာချီးမြှင့်

ရန်ကင်းမြို့နယ် ပြည်သာယာရွှေပြည်ဟိန်းကျောင်း ဓမ္မသဘာကျောင်းဆောင်၏ အခန်းအလှူတော်အတွက် အလှူငွေကျပ်တစ်သိန်းကို ရန်ကင်းအနီးဃာလမ်းနေ ဒေါက်တာသိန်းသန်း - ဒေါ်တင်တင်ဝင်း၊ သမီး ဒေါက်တာစောစန္ဒာသန်းတို့ကဇွန်၁၈ရက်က လှူဒါန်းရာ ဆရာတော်အရှင် ခေမာသီရိလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်စဉ်။ (က-ပ)

တာဝန်ပေးအပ်

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်၏ ၂၀၀၄-၂၀၀၅ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ရေး စီမံကိန်းတာဝန်ပေးအပ်ပွဲတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်က ဆက်သွယ်ရေးတာဝန်ခံတစ်ဦးအား ဇွန် ၁၅ ရက်က စီမံကိန်းတာဝန်ပေးအပ်စဉ်။ (၁၈၀)

လယ်/ဆည်ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ဝါးတောကျေးရွာ ဂုန်လျှော်စိုက်ပျိုးမှုစစ်ဆေး

ရန်ကုန် ဇွန် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၆ရက်က မအူပင်မြို့နယ် ဝါးတောကျေးရွာသို့ရောက်ရှိပြီး ဂုန်လျှော်စိုက်ပျိုး ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မအူပင်စက္ကူစက်ရုံသို့ရောက်ရှိရာ စက်ရုံစီမံကိန်း ဒါရိုက်တာက စက်ယန္တရားများ တပ်ဆင်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်းလှည့်လည်ကြည့်ရှု စစ်ဆေးပြီး သတ်မှတ်ချိန်ကာလအတွင်း စက်လည်ပတ်နိုင်ရေးနှင့် ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှု နည်းပညာပေးရေးတို့ကိုမှာကြားသည်။

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယမန်နေ့တွင် ဖျာပုံမြို့နယ် ကြက်ဖမွေးဓောင်း ဌာနပိုင်စိုက်ကွင်းများသို့ ရောက်ရှိပြီး ရေမြှုပ်ခံကမာကြည်စပါးမျိုးစေ့များ တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်းနှင့် စပါးစိုက်ခင်းများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ပင်များ အထွက်တိုးစေရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချဉ်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်၍ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်။

၁။ အတန်းစိုက် ဂုန်လျှော်၊ ချဉ်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြား ခွာ၍ ပင်ကျပ်နုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် (၆)လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့်မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀) ရက်သားတွင် တစ်ကြိမ်နှင့် တစ်ကြိမ် (၃၀-၃၅) ရက်သားတွင်တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် ၁၂ ဒသမ ၅ ကီလိုနှုန်း ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ်ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ရွက်စားခူမွေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချဉ်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မဲ့စွန်းရောဂါနှင့် မြစ်ပုတ်ရောဂါများတွေ့ရှိက အပင်လိုက် နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချဉ်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊ အဖြူရောင် ရောင်မညီကွက်ကြား (mosaic) ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်း လုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့မှ ကျေး လက်သန့် ရှင်း သော သောက်သုံး ရေရရှိရေး အတွက် ကန်တဲ ကျေးရွာအုပ်စု ဝဲလောင် ကျေးရွာတွင် ပေ ၃၀၀စက်ရေတွင်းကို အငယ်တန်း အင်ဂျင်နီယာ (၂) ဦး ကျော် ခိုင်ထွန်းက ကြီးကြပ်တူးဖော်ရာ ဇွန်၁၀ ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးစိုးဝင်းကျော်က ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ် စည်ပင်)

နောင်ချိုမြို့နယ် မြို့မရေကန်ကြီး ပြန်လည်ပြုပြင်မှု မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

နောင်ချို ဇွန် ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အနီးကပ်ကြီးကြပ်မှုဖြင့် မြို့နေပြည်သူများသုံးစွဲလျက်ရှိသည့် မြို့မရေကန်ကြီးသည် နှစ်ကာလများစွာတည်ရှိပြီး ပျက်စီးယိုယွင်းလျက်ရှိသည်။

လုပ်ငန်းဆောင်ရွက်

အဆိုပါ ရေကန်ကြီး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းနှင့် နွေရာသီမိုးခေါင်အန္တရာယ်ကြိုတင်ကာကွယ်ရန် ရေများအလွယ်တကူ စုပ်ယူနိုင်ရေးအတွက် မီးသတ်ယာဉ်သွားလမ်း ဖောက်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ဇွန်၅ ရက်နံနက်က မြို့နယ် ဥက္ကဋ္ဌဦးကိုကိုလွင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် အထောက်အကူပစ္စည်းများကို ဒေသခံ ပြည်သူများနှင့် အလှူရှင်များက ပံ့ပိုးကူညီဆောင်ရွက်ကြကြောင်း သိရသည်။ (၂၄၂)

ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

မိုးညှင်း ဇွန် ၃

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ်နှင့် ကျန်းမာရေးပညာပေး ဟောပြောပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက မိုးညှင်းမြို့ အောင်သပြေ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းခန်းမ၌ ကျင်းပသည်။ (၁၅၂)

မေ ၂၅ ရက်က နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် အဖွဲ့က(၈)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ရတနာစမ်းချောင်းလမ်းထောင့်တွင် ရေမြောင်းများ တူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ (၀၈၅)

လှိုင်းဘွဲ့မြို့နယ် ရဲတပ်ဖွဲ့၏ ၂၀၀၄-၂၀၀၅ခုနှစ်တပ်ဖွဲ့ဝင်သားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၃၁ ရက်က ကျင်းပရာမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်ဝင်းက တပ်ဖွဲ့ဝင် သားသမီး ၁၈ ဦးတို့အား ထောက်ပံ့ငွေနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ဒိုက်ဦးမြို့ အမှတ်(၃)ရပ်ကွက် သောက်သုံးရေကန်ကို မေ၂၃ရက်က အမှိုက်များ၊ ဒိုက်များရှင်းလင်းခြင်း၊ ရေကန် ပတ်ဝန်းကျင်သန့်ရှင်းစေရန် ရှင်းလင်းခြင်း၊ ရေကန်မြေသားအား စက်ယန္တရားကြီးများနှင့် တူးဖော်ခြင်းကို မြို့နယ်ဥက္ကဋ္ဌဦးမြင့်စိန်နှင့် ရပ်ကွက် ဥက္ကဋ္ဌဦးကျော်ဆွေတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။(မြို့နယ်ပြန်/ဆက်)

ပြည်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာနှင့် စာစီစာကုံးပြိုင်ပွဲ အခမ်းအနားကို ဇွန် ၁၂ရက်နှင့်၁၃ရက်နံနက် ၉နာရီက အမှတ် (၁)အခြေခံပညာ အထက်တန်းကျောင်း အောင်သော်ခန်းမတွင် ကျင်းပရာ ပြည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးဦးသိန်းကြွယ်၊ ပြည်မြို့နယ်ဦးစီးဌာနမှူး ဦးတင်ဇော်ဝင်းနှင့် ဝန်ထမ်းများ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၄၀၃)

ကရင်ပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်

ဘားအံ ဇွန် ၁၀

ကရင်ပြည်နယ်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီက ပြည်နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ၂၀၀၄-၂၀၀၅ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၅ ရက်က ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်အတွင်းရှိ ခုနစ်မြို့နယ်မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင် စရိတ်ထောက်ပံ့ငွေများကို သက်ဆိုင်ရာ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌသို့ ပေးအပ်ကြောင်း သိရသည်။ **(အောက်ပုံ)**

(ခရိုင် ပြန်/ဆက်)

လက်တွန်းထွန်စက်စွမ်းရည်သရုပ်ပြ စက်စွမ်းရည်နှင့်ရောင်းချမည့်နည်းစနစ်ရှင်းလင်း

မိုင်းဖြတ် ဇွန် ၁၂

မိုင်းဖြတ်မြို့ စက်မှုလယ်ယာဦးစီးဌာနမှ ကြီးမှူးကျင်းပသော လယ်ယာ (၁၆) လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြပွဲကို ဇွန် ၇ ရက်က ကွင်းအမှတ်(၈) ဒေါ်နန်းရှန်း၏ လယ်၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမျိုးညွှန့်၊ မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ခရိုင်နှင့် မြို့နယ် အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ် စက်မှုလယ်ယာ ဦးစီးဌာန ဦးစီးအရာရှိ ဦးနေမျိုးကြည်က လယ်ယာ(၁၆) လက်တွန်းထွန်စက်၏ စွမ်းရည်နှင့် ရောင်းချပေးမည့် နည်းစနစ်တို့ကို ရှင်းလင်း တင်ပြသည်။

လေ့လာ

ထို့နောက် လယ်ယာ(၁၆)လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြပွဲဆက်လက် ကျင်းပရာ အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီခရိုင်ဂျီအီးစီနှစ်ပတ်လည်အစည်းအဝေးကျင်းပ

မြဝတီ ဇွန် ၅

ကရင်ပြည်နယ် မြဝတီခရိုင် အစိုးရဝန်ထမ်းပေါင်းစုံသမဝါယမလီမိတက်၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မေ၁၅ရက်က မြဝတီမြို့ သောင်ရင်းခန်းမ၌ကျင်းပရာ မြဝတီခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြင့်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် သဘာပတိအဖြစ် မြဝတီခရိုင် ဂျီအီးစီဥက္ကဋ္ဌ၊ ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာခင်ဇော်ကဆောင်ရွက်ပြီး မြဝတီခရိုင်ဂျီအီးစီအသင်းဝင် အသင်းသား၅၅၈ဦးအတွက် အမြတ်ငွေကျပ် ၈၃၇၀၀၀ကို ခွဲဝေပေးကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇွန် ၂ရက်က ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝက်ကုန်း-မံဖာကျေးလက်လမ်း ကျောက်ချောခင်းခြင်းကို အမှုဆောင်အရာရှိဦးကျော်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ

၂၁-၆-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအားပြည်ထွန်းကား (ဝါစိုက်ပျိုးရေး)

၁၁:၄၀ သိပ္ပံပညာသတင်းပဒေသာ

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ ကျန်းမာရေးရာပြန်ကြားလွှာ

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (မူလတန်း-အင်္ဂလိပ်စာ)

ညနေပိုင်း

၁၆:၁၀ အနုပညာရှင်များနှင့် ဆွေးနွေးခန်း (စတီရီယိုတေးသံရှင်ညီသစ်ထူး)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ကျေးလက်တေးကဗျာ- ညွှန့်ဟံ-ကြူတော)

၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကား ပို့ချချက် (မင်းကျော်မင်းမိသားစု)

၁၇:၁၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ (ရန်ကုန်တိုင်းမှ ပန်တျာစိန်လှမြိုင်ဆိုင်းအဖွဲ့)

[illegible]

TOP ☎ 243363 705877

ရောင်းမည်/ငှါးမည်
Ph: 256994

ကြော်ငြာစာ

အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ်၊ တရားမအထွေထွေမှု အမှတ် ၁၁၆

(ကွယ်လွန်သူ ဒေါ်မြရင်နှင့်ဒေါ်ခင်ရွှေတို့၏ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု။)

ရန်ကုန်တိုင်း၊တာမွေမြို့နယ်၊နတ်ချောင်းရပ်ကွက်၊၂လမ်း၊အိမ်အမှတ်(၃)၌ နေထိုင်ကွယ်လွန်ခဲ့သော ကွန်လွန်သူဒေါ်မြရင်နှင့်ဒေါ်ခင်ရွှေတို့၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်း လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးမောင်မောင်ကြည်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ်၊ ဇွန်လ၃၀ ရက် (၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၄ ရက်နေ့ နံနက် (၁၀း၀၀) နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြရင်နှင့် ဒေါ်ခင်ရွှေတို့ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည့်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှင် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၄ ခုနှစ်၊ ဇွန်လ ၃၀ရက်(၁၃၆၆ခုနှစ်၊ပထမဝါဆိုလဆန်း၁၄)ရက်နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃-နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးမောင်မောင်ကြည်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)
ရန်ကုန်တိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆
ကရင်ပြည်နယ်တရားရုံးတော်၌
၂၀၀၃ ခုနှစ် တရားမဇာရီမှု အမှတ် ၃

မန်နေဂျာ ရိုးမဘဏ်လီမိတက် ဘားအံဘဏ်ခွဲ	**နှင့်**	၁။ ဦးမင်းဦး ၂။ ဒေါ်နန်းမြအေး အမှတ် ၄၇၊ လုပ်သားလမ်း၊ အမှတ်(၆)ရပ်ကွက်၊ ပြည်ထောင်စု ဘားအံမြို့
တရားနိုင်		**တရားရှုံး**

၁။ ကရင်ပြည်နယ်တရားရုံးတော်၌ ၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၃ တွင် ရရှိခဲ့သည့် ဒီကရီအတည်ပြုဆောင်ရွက်ရာ၌ တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများတွင် တရားရှုံးအကျိုးသက်ဆိုင်ခြင်းကို ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၀ရက် (၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်) နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင်ရောင်းချလိမ့်မည်။ ရောင်းချရာတွင် အများပြည်သူတို့က ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ဘားအံမြို့ အမှတ်(၆)ရပ်ကွက် လုပ်သားလမ်း၊ အိမ်အမှတ် ၄၇၊ အကွက်အမှတ် ၅၅၊ ရဲသိပွဲတောင်၊ ဦးပိုင်အမှတ် ၁၅၃၊ ဒေါ်နန်းမြအေး ဂရန်အမည်ပေါက် မြေကျယ်ဧရိယာ ၀ ဒသမ ၀၇၃ ဧကရှိသော မြေနှင့် မြေပေါ်တွင်တည်ဆောက်ထားသောနှစ်ထပ်တိုက် (လျှပ်စစ်မီတာ တပ်ဆင်ထားသည့်) အိမ်နှင့်မြေ။ (ကြမ်းခင်းဈေး ကျပ်သိန်း ၉၀)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခု ပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ရက်ကိုပယ်၍ ၁၅ရက်မြောက်သောနေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သောနေ့တွင် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၄ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ကမ်ဇခုပ်
ပြည်နယ်တရားသူကြီး။

ရိုလုံခရှဆိုင်ကြီး(လက်လီလက်ကား)

ဆိုင်(၁)-အမှတ် (S-7) [illegible] ရန်ကုန်။
☎-[illegible] (Ext.) [illegible]
ဆိုင်(၂)-အမှတ် (F-1) [illegible] ရန်ကုန်။
☎-[illegible] (Ext.) [illegible]

ဖခင်အမည်မှန် အင်းစိန် အထက(၂) ဒသမတန်း(C)မှ မခင်ငြိမ်းချမ်းဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ရီဖြစ်ပါကြောင်း။

ဦးတင်ရီ။

ဦးအောင်ကျော် (TuTu- Su Su)
(Ex-English Master/ Editor)
ENGLISH SPEAKING / GRAMMAR / PHONETICS / U.F.L ဝင်ခွင့်
☎ 250727

ကားရောင်းမည်
Canter Truck Box 4D32
(၁) ၁၈/ တစ်ထောင်ကျော် 10' (88) Model
(၂) ၃၈/သုံးထောင်ကျော် 10' (88) Model
(၃) ၃၈/ ရှစ်ထောင်ကျော် 12' (92) Model
Canter Truck Box 4D33D
(၁) ၅၈/လေးထောင်ကျော် 14' (95) Model
ဆက်သွယ်ရန်ဖုန်း-၀၁-၅၄၂၈၉၄

ရှေးဦးသူနာပြုစုခြင်းနှင့် ဆင့်ပွားသင်တန်းဖွင့်

မကွေး ဇွန် ၁၂

မကွေးမြို့နယ် ကြက်ခြေနီအသင်း၏ လူထုအတွင်း ရှေးဦးပြုစုခြင်း (ဆင့်ပွား)သင်တန်း(၁/၂၀၀၄) ဖွင့်ပွဲကို ဇွန် ၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ ဒုတိယတပ်ရင်းမှူး ဦးသိုက်ထွဏ်း၊ တပ်ခွဲမှူးဦးမြင့်သိန်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သန်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စမ်းနွဲ့က လူထုအတွင်း ရှေးဦးပြုစုခြင်း သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(ဝဲပုံ)** **(၃၈၃)**

ဇွန် ၄ ရက်က ပုသိမ်ကြီးမြို့ကို မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးအောင်ဇော်ဝင်း၊ တာဝန်ခံအင်ဂျင်နီယာနှင့် ဝန်ထမ်းများက မြို့အဝင်မုခ်ဦးအဆင့်မြှင့်တင်ခြင်း၊ ပန်းအလှ မွမ်းမံစိုက်ပျိုးခြင်း၊ မြို့တွင်းလမ်း အမည်ဆိုင်းဘုတ်များ တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (က-ပ)

ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

ဇလွန် ဇွန် ၁၀

ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီကာလအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများရှိ ပိတ်ဆို့နေသော အမှိုက်များကို ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းကို ဇွန် ၇ ရက်က ပြည်တော်ပြန်ဘုရားကြီးရှေ့ ပင်မမြောင်းအတွင်းမှ ဗေဒါ၊ ဒိုက်ဖတ်များကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဇွန်၁၂ရက်က ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများ ပညာသင်စရိတ်ထောက်ပံ့ငွေပေးခြင်းနှင့် မိသားစုများတွေ့ဆုံခြင်း အခမ်းအနားကို ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးကျော်ဝင်းကိုယ်စား မြို့နယ်ဒုတိယဦးစီးမှူးဦးကျော်ဝင်းက ဝန်ထမ်းသားသမီး ၈၄ ဦးတို့အတွက် ထောက်ပံ့ငွေပေးအပ်ပွဲတွင် ကျောင်းသားတစ်ဦးအား ပညာသင်စရိတ် ပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

ဇွန် ၅ရက်က ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေစီးရေလာ ကောင်းမွန်ရေးအတွက် ဗိုလ်ချုပ်လမ်းတစ်လျှောက် ရေနုတ်မြောင်း တူးဖော်ဆောင်ရွက်နေမှုများကို အမှုဆောင်အရာရှိ ဦးသန်းဇော် ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဥက္ကံမြို့ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ပင်မရေမြောင်းမကြီးတူးဖော်ခြင်းလုပ်ငန်းကို ဦးစီးအရာရှိဦးထွန်းခင်နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)



ဖူဂျီ ဆပ်ပြာကရင်(မ်) မှ အသိပေးခြင်း

ရွှေသစင် ကုမ္ပဏီမှ ထုတ်လုပ်သော **ဖူဂျီ** အမှတ်တံဆိပ် အဝတ်လျှော်ဆပ်ပြာကရင်(မ်)ကို လုပ်သားပြည်သူများနှင့် အရောင်းဆိုင်များမှ တစ်ခဲနက်ဝယ်ယူအားပေး အသုံးပြုကြသည့်အတွက် **အထူးကျေးဇူးတင်လျက်ရှိပါသည်။**

ယခုအခါ **ဖူဂျီ** အဝတ်လျှော်ဆပ်ပြာကရင်(မ်)၏ မြင့်မားသောအရည်အသွေး၊ ချိုသာသောဈေးနှုန်းစသည့်ကောင်းသတင်းများကို အခွင့်အရေးယူ၍ **ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား ပလတ်စတစ်ဘူးများဖြင့်** ထုတ်လုပ်ပြီး **ဈေးကွက်အတွင်း ရောင်းချနေသည်ကို တွေ့ရှိရပါသည်။**

သို့ပါ၍ ဖူဂျီဆပ်ပြာကရင်(မ်)ကိုနှစ်သက်စွာ အသုံးပြုလျက်ရှိသော လုပ်သားပြည်သူများနှင့် ရောင်းချပေးနေသော ဆိုင်ပိုင်ရှင်များ **အထူးသတိပြုရွေးချယ်ဝယ်ယူကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

ရွှေသစင် အင်ဒဲ(စ်)မင်(တ်) ကုမ္ပဏီလီမိတက်၊ ဖုန်း-၀၁-၂၂၄၅၈၁၊ ၀၁-၂၂၆၂၅၉



ယုဇနဆောက်လုပ်ရေး

အဖွဲ့ မှ အရှေ့/မြောက် ဒဂုံမြေကွက်များကို အထူးဈေးနှုန်းဖြင့်

(၁-၆-၂၀၀၄ မှ ၃၀-၆-၂၀၀၄) ထိ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် လိပ်စာ - 7,8 လမ်းဆုံ မီးပွိုင့်အနီး၊ ပြည်ထောင်စုလမ်းမကြီး၊ မြောက်ဒဂုံမြို့နယ်။

☎ - 700800,540745,540746,540747

အိုလံပစ်နေ့အထိမ်းအမှတ်
မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသော
ILBC Cup အမျိုးသားအလွတ်တန်း (REGU) ပိုက်ကျော်ခြင်းပြိုင်ပွဲ

ကျင်းပမည့်နေရာ - ပိုက်ကျော်ခြင်းအားကစားရုံ (သုဝဏ္ဏ)
ကျင်းပမည့်နေ့ရက် - (၂၇-၆-၂၀၀၄)မှ (၂-၇-၂၀၀၄)
ကျင်းပမည့်အချိန် - နေ့စဉ် နံနက် ၈း၀၀နာရီ
စာရင်းပိတ်ရက် - (၂၄-၆-၂၀၀၄)
ဆက်သွယ်ရန် - ပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဖုန်း - ၅၇၇၄၆၁
- ILBC အားကစားရုံ အမှတ် (၉၉၉)၊ သုမင်္ဂလာအိမ်ရာ၊ ဖုန်း-၅၇၈၁၇၈

ဆုကြေး - **ပထမတန်း**
ပထမ - ၂၅၀၀၀၀ိ/-
ဒုတိယ - ၂၀၀၀၀၀ိ/-
တတိယ - ၁၅၀၀၀၀ိ/-
- **ဒုတိယတန်း**
ပထမ - ၁၅၀၀၀၀ိ/-
ဒုတိယ - ၁၀၀၀၀၀ိ/-
တတိယ - ၅၀၀၀၀ိ/-

ခြင်းလုံးတစ်လုံးလျှင် (ကျား/မ) = ၃၀၀၀ိ/နှုန်း၊
ပိုက်တစ်ခုလျှင် = ၁၀၀၀၀ိ/- နှုန်း၊ အထူးသက်သာသော ဈေးနှုန်းဖြင့် ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တွင် ဝယ်ယူနိုင်ပါသည်။
စခန်းဝင်လေ့ကျင့်နေသော လက်ရွေးစင် ကစားသမားများ ပါဝင်ခွင့်မရှိ။

Myanmar Apple
Digital Printing

No-6, Pyay Road,Mayangone Township
Tel : 667477, 662465, Yangon.

National Agronomist
(Local Service only)

GRET is a French NGO implementing agriculture and food security project in Northern Rakhine State. The project implements agriculture and livestock extension activities, supports the supply of inputs (seeds, fertilizers) and construction of infrastructures to extend irrigated areas. The team develops new activities in the area like Farmer-Field-School and System of Rice Intensification. GRET is seeking for an **experienced agronomist** to be in charge of a team of about 10 local staffs based in their respective field areas. He is responsible for organizing and follows up in the field the implementation of on-farm research and extension activities.

Detail Terms of Referenc is available at GRET office, 24 (L) Natmauk Avenue Street, Kokine, Bahan Tsp. Yangon. (phone:540694, 545 912)
Please submit a labour card copy and application file before **Friday 16 July 2004.**

ရောင်းရန်ရှိသည်

လက်ရှိအသုံးပြုနေသော Cummin Engine (550 turbo) နှင့်တွဲလျက်(ဂီယာ၊ပန်ကာ ၇၂ လက်မ၊ ဝင်ရိုး)တစ်စုံ ရောင်းရန်ရှိပါသည်။**ဖုန်း-၂၀၂၅၄၀၊ ၂၉၈၉၄၃၊ ၀၉-၅၀ ၀၀ ၅၆၃**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
ဝင်ငွေခွန်နှင့် အမြတ်ခွန်ဌာနခွဲ
ဝင်ငွေကြေညာလွှာတင်သွင်းရန်နှိုးဆော်ခြင်း

၁။ အမြတ်ခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် အခွန်ထမ်းအားလုံးနှင့် ၁-၄-၂၀၀၃ ရက်မှ ၃၁-၃-၂၀၀၄ ရက်အထိ ဘဏ္ဍာနှစ်အတွင်း ကျပ် ၁၀၀၀၁ နှင့်အထက်ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသူများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် လိုအပ်ကြောင်း နှိုးဆော်ပါသည်။

၂။ ဝင်ငွေခွန်ဥပဒေအရ အခွန်စည်းကြပ်ခံရပြီးသည့် သမဝါယမအသင်းအားလုံးနှင့် ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း ကျပ် ၃၀၀၀၁ နှင့်အထက် ဝင်ငွေ သို့မဟုတ် အမြတ်ငွေရရှိသည့် သမဝါယမအသင်းများသည် ဝင်ငွေကြေညာလွှာပုံစံတွင် ပြည့်စုံစွာရေးသွင်း၍ အသင်း၏ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးကိုယ်တိုင် လက်မှတ်ရေးထိုးပြီး ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် လိုအပ်ပါသည်။ ထို့အပြင် ဝင်ငွေခွန် ဥပဒေနှင့် အကျုံးဝင်သည့် ကုမ္ပဏီများ၊ ဖက်စပ်လုပ်ငန်းများနှင့် အခြားအခွန်ထမ်းများသည်လည်း ပြဋ္ဌာန်းထားသည့်အတိုင်း ပြည့်စုံစွာရေးသွင်း လက်မှတ်ရေးထိုးထားသည့် ဝင်ငွေကြေညာလွှာများကို ဖော်ပြပါရက်အတွင်း ပေးပို့ရန်ဖြစ်ပါသည်။

၃။ ၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်အတွင်း လစာတစ်မျိုးတည်းမှ ဝင်ငွေကျပ် ၃၀၀၀၁ နှင့်အထက် ရရှိသဖြင့် ကျသင့်သည့် ဝင်ငွေခွန်ကို လစာထုတ်ပေးချိန်တွင် နုတ်ယူပေးဆောင်ပြီးဖြစ်သည့် ပုဂ္ဂိုလ်များသည် ဝင်ငွေကြေညာလွှာ သီးခြားတင်သွင်းရန်မလိုပါ။ သို့ရာတွင် အလုပ်ရှင်သည် အဆိုပါသူများ၏ လစာနှစ်ချုပ်စာရင်းကို ၂၀၀၄ ခုနှစ် ဇွန်လ ၃၀ ရက်ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးသို့ အရောက်ပေးပို့ရန် တာဝန်ရှိပါသည်။

၄။ ဝင်ငွေကြေညာလွှာနှင့် လစာနှစ်ချုပ်စာရင်းပုံစံများကို သက်ဆိုင်ရာ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးများတွင် အခမဲ့ ရယူနိုင်ပါသည်။ ဝင်ငွေကြေညာလွှာကို လူကိုယ်တိုင်သို့မဟုတ် စာတိုက်မှ မှတ်ပုံတင် ချောစာဖြင့် ပေးပို့နိုင်ပြီး လူကိုယ်တိုင်ပေးပို့ပါလျှင် လက်ခံရရှိကြောင်း အထောက်အထားကို သက်ဆိုင်ရာရုံးမှ ထုတ်ပေးမည်ဖြစ်ပါသည်။

၅။ မရှင်းလင်းသော အချက်များရှိပါက မြို့နယ်အခွန်ဦးစီးမှူးရုံးများနှင့် ကုမ္ပဏီများဆိုင်ရာ အခွန်လုပ်ငန်းစုရုံးတို့တွင် မေးမြန်းနိုင်ပါသည်။

သန်းဓွေးဆိုင်
ညွှန်ကြားရေးမှူး
ဝင်ငွေခွန်နှင့် အမြတ်ခွန်ဌာနခွဲ။

ရောင်းမည်

ဦးဝိစာရလမ်းမပေါ်မြေ၊ ကမ္ဘာအေးလမ်းမပေါ် (ဗဟန်း) မြေ ဝ ဒသမ ၅၈ဧက (သို့မဟုတ်) တိုက်သစ်၊ ရွှေတောင်ကြား ပေ ၄၀ X ပေ ၉၀ မြေကွက် ရောင်းဝယ် ငှားရမ်းလိုသူများ ဆက်သွယ်နိုင်ပါသည်။
ဖုန်း ၀၉-၈၀-၂၃၀၇၀၊ ၅၄၈၆၉၀

ဖခင်အမည်မှန် အထက တာချီလိတ် ပထမ တန်း(B)မှ ကျောင်းဝင်အမှတ် ၁၄၀၀၀ နန်းကိန်ဟွမ်၏ ဖခင် အမည်မှန်မှာ ဦးစိုင်းယီ(ခ)ဦးစိုင်းရီ ဖြစ်ပါကြောင်း။

အများသိစေရန်ကြော်ငြာခြင်း

ကျွန်တော် ဦးဝင်းဆွေ(ခ) ဦးခွန်ထီး နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁၃/တကန(နိုင်) ၀၇၀၅၆၉ ကိုင်ဆောင်သူက အများသိစေရန် အောက်ပါအတိုင်း ကြေညာပါသည်။

ကျွန်တော်ဦးဝင်းဆွေ(ခ)ဦးခွန်ထီးသည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြစ်သော (ရွှေနောင်ရိုးသမဝါယမအသင်း) လုပ်ကိုင်နေသူဖြစ်ပါသည်။ ကျွန်တော်၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများသည် မည်သည့် ညီအစ်ကို ကုမ္ပဏီ၊ မည်သည့်အဖွဲ့အစည်းနှင့်မျှ သက်ဆိုင်ပတ်သက်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာပါသည်။ကျွန်တော်နှင့် လုပ်ငန်းဆက်နွှယ်သူများသည် ကျွန်တော် ဦးဝင်းဆွေ(ခ) ဦးခွန်ထီးနှင့်သာ တိုက်ရိုက် ဆက်သွယ်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ကျွန်တော်နှင့် တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်ခြင်းမရှိဘဲ မသက်ဆိုင်သူများထံ တစ်နည်းနည်းဆက်သွယ်၍ ကျွန်တော့်အား ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝင်းဆွေ (ခ) ဦးခွန်ထီး
၁၃/တကန(နိုင်) ၀၇၀၅၆၉
၆၄/၁၊ နဝဒေးအိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

ကျေးဇူးတင်ရှိခြင်း
ဦးမြသွင် (ဒေးဒရဲ) အငြိမ်းစား(ကျောင်းဆရာ)
အသက် (၈၇)နှစ်

၁၃-၆-၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ကျေးဇူးရှင်ဖခင်ကြီး ဦးမြသွင်(ဒေးဒရဲ)၏ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်း ကူညီအားပေး နှစ်သိမ့်ခဲ့သော အထက(၁)လမ်းမတော်၊ စိန့်ဂျွန်းနှင့် အထက(၁)တောင်ဥက္ကလာပမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဒေးဒရဲမြို့နယ်နှင့် မအူပင်မြို့နယ် အသင်းတို့မှ အသင်းဝင်များ Shwe Familyကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Shwe Hla Winကုမ္ပဏီမှ ပုဂ္ဂိုလ်များ သက်ဆိုင်ရာဌာနအသီးသီးမှပုဂ္ဂိုလ်များ၊ ရပ်နီး ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ကျန်ရစ်သူမိသားစုအား လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း နှစ်သိမ့်အားပေးခဲ့ကြသော ပုဂ္ဂိုလ်များ၊ ဈာပနသို့လိုက်ပါပို့ ဆောင်သူများနှင့် ကျေးဇူးတင်ထိုက်သူတို့အားလုံးအား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပျောက်ဆုံးခြင်း

S.C.G Construction Co.,Ltd. ၏ ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်(၈၃၈/၉၇-၉၈) ၂၀-၈-၉၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ညွှန်ကြားချက်အရ-
ဦးသိန်းရွှေ (တရားရုံးချုပ်ရှေ့နေ)
ဖုန်း- ၀၁-၅၇၀၀၆၇

အမည်ပြောင်း

ဦးမင်းဇော်၏သမီး မအေးသီရိဇော် Grade .8. G အထက(၂) လသာအား မနန္ဒာထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မနန္ဒာထွန်း။**

အမည်ပြောင်း

ဦးမင်းဇော်၏သား မောင်ပြည့်စုံထွန်း Grade. 2(သဇင်) အမက(၃) ဗဟန်းအား မောင်ဟန်မင်းထွန်းဟု ပြောင်းလဲခေါ်ပါရန်။
မောင်ဟန်မင်းထွန်း။

ဖခင်အမည်မှန်

အထက(၁)ကမာရွတ် ဒသမတန်း (S)မှ မခက်ခက်နွယ်၏ဖခင် အမည်မှန်မှာ ဦးခင်မောင်စော ဖြစ်ပါသည်။ **ဦးခင်မောင်စော**
ANN -၀၅၂၅၃၆။

မွေးသက္ကရာဇ်အမှန်

အထက တာချီလိတ် ဒုတိယတန်း(A) မှ ကျောင်းဝင်အမှတ် ၁၄၃၂၄ နန်းကျန်နွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၂-၆-၉၈ဖြစ်ပါကြောင်း။

အမည်မှန်

အထက တာချီလိတ် ဒသမတန်း(က)မှ ကျောင်းဝင်အမှတ် ၉၅၃၄ မောင်ကျာဆော၏ အမည်မှန်မှာ မောင်ကျာဆော (ခ) မောင်ကျော်စိုး ဖြစ်ပါကြောင်း။

အောင်ထွန်း

မြို့တွင်း/ပြင်
နာရီ/ရက်ပိုင်း လ/နှစ်ချုပ်
ကားစီးလုံး ငှားနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း- ၅၀၅၅၀၀၊ ၇၂၇၃၆၉

ကျေးဇူးတင်ရှိခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး
ဦးကြူး (ရေးမြို့)
(ရေးမြို့နယ်အသင်းနာယက)
အသက်(၈၆)နှစ်

၁၇–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော ဖခင်ကြီး ဦးကြူး(ရေးမြို့) အသက်(၈၆)နှစ် နာမကျန်းစဉ်က မေတ္တာဖြင့်ကုသပေးသော အာရှတော်ဝင် နှလုံးအထူးကုဆေးခန်းမှ နှလုံးအထူးကု ဆရာဝန်ကြီးအားလည်းကောင်း၊ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့အားလည်းကောင်း၊ အထူးကြပ်မတ်ကုသဆောင်မှ ဆရာဝန်၊ ဆရာမ၊ သူနာပြုဆရာမများအားလည်းကောင်း၊ ဈာပနကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီလိုက်ပါပို့ဆောင် ဆောင်ရွက်ပေးကြသော ဆွေမျိုးမောင်နှမ၊ မိတ်ဆွေများအားလည်းကောင်း၊ တယ်လီဖုန်း၊ ကြေးနန်းဖြင့် မေးမြန်းကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးချစ်လှိုင်
ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့၊ ဥက္ကံအသင်း(ရန်ကုန်)
အသက်(၇၉)နှစ်

ရန်ကုန်တိုင်း၊ ဥက္ကံမြို့၊ ဘုရားကြီးကျောင်းတိုက်၊ စာချဆရာတော် ဥူးပညာစာရ၏ ရဟန်းဒါယကာကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ၃၇(စွမ်းအင်)ရပ်ကွက်၊ လှိုင်ထိပ်ခေါင်တင်လမ်း၊ အိမ်အမှတ် ၆၃၂ နေ ဒေါ်ကြည်လှိုင်၏ ခင်ပွန်း၊ ဦးကိုကိုလတ်(ဌာနခွဲမန်နေဂျာ၊ M.P.P.E၊ ပုသိမ်)–ဒေါ်ဇင်မာလှိုင်၊ ကိုအောင်ကိုကိုလှိုင်တို့၏ဖခင်၊ မောင်ဝင်းလွင်အောင်၏အဘိုးသည် ၁၈–၆–၂၀၀၄ရက် (သောကြာနေ့) ညနေပိုင်းတွင် အာရှတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးထွန်းစံ
(General Manager Rainbow International Ltd.)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၂(တတိယထပ်)၊ ဆန္ဒန်လမ်း၊ အလုံမြို့နယ်၊ စစ်တွေမြို့၊ မော်လိပ်ရပ် (Mr. Marakan–ဒေါ်စံမြခိုင်)တို့၏ သားကြီး၊ (ဒေါ်Ivy–ဦးထွန်းလင်း)တို့၏မောင်၊ ဒေါ်မြမြ၊ (ဒေါ်ခင်ခင်)၊ ဦးထွန်းကျော်တို့၏အစ်ကို ဦးထွန်းစံသည် ၁၉–၆–၂၀၀၄ရက်(စနေနေ့)မွန်းလွဲ ၁ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးခရစ်ယာန်သုသာန် ဂိုဏ်းပေါင်းစုံဝတ်ပြုဆောင်ခန်းမတွင် ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

မအိအိသက်ပိုင်ကျော်(ခ)မဂူး
အထက(၂)၊ဗဟန်း(ကျောင်းသူဟောင်း)
အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ ၄၃/ဘီ(၃)၊ မေလိခလမ်း၊ မရမ်းကုန်းနေ အဘွား ဒေါ်သိန်းတင်၊ ဒေါ်သိန်းခင်တို့၏မြစ်၊ (ဦးခင်မောင်ထွေး)၊ ဒေါ်ခင်နှင်းဆီ၊ ဦးကျော်ဇ–ဒေါ်ခင်အုန်းကြည်တို့၏မြေး၊ ဦးဝင့်နိုင်ကျော်–ဒေါ်နှင်းမာလာထွေးတို့၏ သမီးကြီး၊ မမိုမိုသက်လျာကျော်(အမက–၁၊ ဗဟန်း)၏အစ်မသည် ၁၉–၆–၂၀၀၄ရက်(စနေနေ့)ညနေ ၅း၃၀ နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

၁၆–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)တွင်ကွယ်လွန်သွားသော ကိုသန်းအောင်အား ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။ ကိုသန်းအောင် ကောင်းရာသုဂတိလားပါစေ။

Zenbes Sdn-Bhd Co., Ltd.မှ
ဝန်ထမ်းများ။

ဝမ်းနည်းကြေကွဲခြင်း

မအိအိသက်ပိုင်ကျော်(ခ)မဂူး (၁၇)နှစ်သည် ၁၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ နှမြောတသ ဝမ်းနည်းကြေကွဲရပါကြောင်း။ မဂူးလေး ကောင်းရာသုဂတိလားပါစေ။

အန်တီလင်းလင်း
(တောင်ကြီး)။

ဒေါ်ခင်စောရွှေ (B.Ed)
အထက်တန်းပြဆရာမ(ငြိမ်း)
အထက(၂)စမ်းချောင်း
အသက်(၆၂)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေနံ့သာရပ်ကွက်၊ ကြားတောရအုတ်လမ်း၊ ခြံအမှတ် ၆၀၊ အိမ်အမှတ် ၄၈(B) နေ (ဦးဘရွှေ–ဒေါ်သိန်းခင်)တို့၏ သမီး၊ ဦးကိုကိုကြီး၏ဇနီး၊ (ဒေါ်အမာတင်)၊ (ဦးစိန်ဝင်း)–ဒေါ်ခင်ဌေး–ဒေါ်လှမြင့်၊ ဦးအေး–ဒေါ်ကြည်ယဉ်တို့၏ညီမ၊ ဦးခင်မောင်ဌေး–ဒေါ်ခင်စောမြင့်၊ (ဦးသန့်ဇင်)–ဒေါ်ဝင်းမေတို့၏အစ်မ၊ ကိုရန်အောင်၊ ကိုကြီး–မနုနုဝေ၊ ကိုအောင်မျိုးဦး–မနှင်းသီတာကို၊ ကိုမျိုးသူရကျော်–မခိုင်သူဇာအောင်တို့၏ မိခင်၊ မောင်ကျော်ဆုသွေး၊ မောင်အာကာမင်းမြတ်၊ မခရတို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရေစကြိုမြို့နယ်အသင်း(ရန်ကုန်)
မအိအိသက်ပိုင်ကျော်(ခ)မဂူး
အထက–၂၊ဗဟန်း
(ကျောင်းသူဟောင်း)
အသက်(၁၇)နှစ်

ရန်ကုန်မြို့၊ ၄၃/ဘီ(၃)၊ မလိခလမ်း၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်သိန်းတင်၊ ဒေါ်သိန်းခင်တို့၏မြစ်၊ (ဦးခင်မောင်ထွေး) – ဒေါ်ခင်နှင်းဆီ၊ ဦးကျော်ဇ (ရေစကြိုမြို့နယ်အသင်း နာယက)–ဒေါ်ခင်အုန်းကြည်တို့၏မြေး၊ ဦးဝင့်နိုင်ကျော်–ဒေါ်နှင်းမာလာထွေးတို့၏သမီးကြီး၊ မမိုမိုသက်လျာကျော်(အမက–၁၊ ဗဟန်း)၏အစ်မသည် ၁၉–၆–၂၀၀၄ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ (အထက် ပါနေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များ ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀ မှ ညနေ ၄း၃၀ နာရီအတွင်း ဆက်သွယ် နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၄၅၆၄၅၊ ၂၄၅၆၄၂။

ဒေါ်ထားရှင်
(တိုက်ကြီးမြို့)
အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈၊ ဇေယျဝတီ(ဗဟို)လမ်းနေ (ဦးကောက်–ဒေါ်ကျင်မြိုင်)တို့၏သမီး၊ (ဦးဟန်စိန်)၏ဇနီး၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၄၀၊ ရုံးကြီးလမ်းနေ ဦးစိုးလှိုင် (စက်မှု–၁၊ ငြိမ်း)–ဒေါ်ကြူကြူနွယ်(စက်မှု–၁၊ ငြိမ်း)၊ ဦးသိန်းဝင်း(သစ်တောဦးစီးဌာန၊ မန္တလေး)–ဒေါက်တာခင်ခင်အေး (ပဲခူးမြို့နယ် ပြည်သူ့ဆေးရုံ)၊ ဦးစိုးဝင်း–ဒေါ်ခင်မေစီတို့၏မိခင်၊ မောင်ဇေယျာလှိုင်၊ မောင်သူရိန်လှိုင်၊ မစုမြတ်ခင်၊ မဝင်းလဲ့ခင်၊ မောင်မင်းသူရစိုး၊ မမေသီတာစိုးတို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့)နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခင်မောင်ဝင်း(ခ)ယူဟုတ်လန် (သုံးခွမြို့)
အသက်(၈၂)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အမှတ် ၅၄၊ အောင်ဇေယျလမ်းနေ (ဒေါ်သန်းမြ)၏ခင်ပွန်း၊ ဒေါ်ယဉ်နု–ဦးမျိုးခိုင်၊ ဦးလှိုင်ကြည်–ဒေါ်ကျင်ထွေး၊ ဒေါ်သန်းသန်းညွန့်–ဦးမျိုးနိုင်၊ ဦးကျင်ရွှေသိန်း–ဒေါ်ကျင်ထွေး၊ ဒေါ်မြသန်းကြည်–ဦးဝင်းဇော်၊ ဒေါက်တာဆန်းရည်ဌေး–ဦးမောင်မောင်၊ (ကိုဆွေမျိုးအောင်)၊ ဒေါက်တာလှမျိုးအောင်၊ ဒေါ်ခင်ဝင်းကြူ–ဦးမောင်ဝေတို့၏ဖခင်၊ မြေး ၁၇ ယောက်၊ မြစ်လေးယောက်တို့၏အဘေးသည် ၁၉–၆–၂၀၀၄ရက် နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့)နံနက် ၁၁ နာရီတွင် သုံးခွမြို့ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်
(မြောင်းမြမြို့)
အသက်(၇၀)

မြောင်းမြမြို့နေ (ဦးမောင်တင့်–ဒေါ်ကျင်မြိုင်)တို့၏ ဒုတိယမြောက်သမီး၊ မြောင်းမြမြို့၊ ရွှေဂုံတိုင် ၂ လမ်း၊ အမှတ် ၂၀ နေ ဦးကျော်သောင်း၏ဇနီး၊ မောင်သိန်းထိုက်စိုး၏မိခင်၊ ဦးညွန့်–(ဒေါ်တင်ကြည်)၊ (ဦးလှတင်)–ဒေါ်ခင်သန်းတို့၏ညီမ၊ (ဒေါ်သန်းကျင်)၊ ဦးစိုးမြင့်–ဒေါ်သန်းခင်၊ ဒေါ်ခင်ညွန့်(လ/ထကထိက၊ ပညာရေးကောလိပ်၊ မြောင်းမြမြို့)တို့၏အစ်မသည် ၁၉–၆–၂၀၀၄ရက် ည၇း၁၈ နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါ၍ ၂၁–၆–၂၀၀၄ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

အထက်ပါ မြောင်းမြမြို့ နေအိမ်တွင် ၂၅–၆–၂၀၀၄ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ သံဃာတော်အရှင်မြတ်တို့အား ရက်လည်ဆွမ်းသွတ်တရားနာမည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်အေး (မြောင်းမြ)
B.A, D.E.P, H.G.P,R.L
ကုန်တိုက်ဒုတိယမန်နေဂျာ(ငြိမ်း)၊ ပန်းဆိုးတန်းကုန်တိုက်(၁)
ဥက္ကဋ္ဌ၊ Myat Nyein Min Co., Ltd.
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၆၀ (B-C)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ ရန်ကင်းမြို့နယ်နေ (ဦးသောင်းရှိန်–ဒေါ်သိန်းရှင်)တို့၏သား၊ ရွှေဘိုမြို့၊ မြိုက်စုရပ်နေ (ဦးရွှင်)–ဒေါ်ငွေထိန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှင်(Managing Director, Myat Nyein Min Co., Ltd.)၏ခင်ပွန်း၊ မမြတ်သန္တာအေး (Macg-uire University, Sydeny, Australia)၊ မငြိမ်းဌေးစံ (IT, Officer 2t Inland of Singapore)၊ မောင်မင်းကိုကိုအေး(IT, Deakin University, Singapore)တို့၏ဖခင်သည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

စစ်တွေရေယာဉ်မှ Capt:ဦးခင်မောင်သန်း၏မိခင် ဒေါ်ခင်သန်း အသက်(၇၇)နှစ်သည် ၁၈–၆–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲမိပါကြောင်း။

စစ်တွေရေယာဉ်မှအရာရှိများနှင့်
အမှုထမ်းများ။

ဦးအောင်ဇော်မင်း (အာယု)
အထက(၂)၊ကမာရွတ်
(ကျောင်းသားဟောင်း)
အသက်(၄၉)နှစ်

ရန်ကုန်မြို့၊ကမာရွတ်မြို့နယ်၊အမှတ်(၃)ရပ်ကွက်၊ ၂ လမ်း၊ အမှတ် ၂၊ အခန်း Eနေ (ဦးမင်းကြည်)–ဒေါ်အုန်းရင်တို့၏သား၊ (ဦးတင်စိုး–ဒေါ်ဖွားကြည်)တို့၏သားသမက်၊ ဒေါ်နှင်းဆီ၊ ဒေါ်မေသန်းနွယ်တို့၏ခင်ပွန်း၊ (ဦးဝင်းနိုင်အေး)–ဒေါ်ခင်ခင်စိုး၊ (ဦးအောင်မိုးဟိန်း)–ဒေါ်နုနု၊ ဦးအောင်မိုးမင်း–ဒေါ်မြမြစိန်တို့၏ညီ/မောင်၊ ဦးလှသမိန်–ဒေါ်အမာစိန်၊ ဒေါ်အေးအေးမင်း၊ ဦးထူးမင်း–ဒေါ်လဲ့လဲ့တို့၏အစ်ကို၊ မောင်ဝိုင်းနန္ဒာ၊မဂျူးနန္ဒာ၊မေဝသန်(ခ)ပိုကေးကိုတို့၏ဖခင်သည် ၁၉–၆–၂၀၀၄ရက် (စနေနေ့) နံနက် ၀၀း၂၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၅–၆–၂၀၀၄ရက် (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေး တရားနာယူမည်ဖြစ်ပါ၍ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်အေး
(ဒုတိယဥက္ကဋ္ဌ၊မြောင်းမြမြို့နယ်အသင်း)
B.A, D.E.P, H.G.P,R.L
ကုန်တိုက်ဒုတိယမန်နေဂျာ(ငြိမ်း)၊
ပန်းဆိုးတန်းကုန်တိုက်(၁)
ဥက္ကဋ္ဌ၊ Myat Nyein Min Co., Ltd.
အသက်(၆၆)နှစ်

ရန်ကင်းမြို့နယ်နေ (ဦးသောင်းရှိန်–ဒေါ်သိန်းရှင်)တို့၏သား၊ရွှေဘိုမြို့၊မြိုက်စုရပ်နေ (ဦးရွှင်)–ဒေါ်ငွေထိန်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ ခြံအမှတ် ၆၀(B-C)၊ မဥ္ဇူလမ်းသွယ် ၂၊ ပါရမီရိပ်သာနေ မြောင်းမြမြို့နယ်အသင်း ရာသက်ပန်အသင်းဝင် ဒေါ်မြင့်မြင့်ရွှင်(မန်နေဂျင်းဒါရိုက်တာ M.N.M)၏ ခင်ပွန်းသည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။(အထက်ပါ ပါရမီရိပ်သာရှိ နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဒေါ်ခင်တင့် (ညောင်လေးပင်)
အသက်(၇၉)နှစ်

ညောင်လေးပင်မြို့နေ (ဦးထွန်းမြတ်–ဒေါ်စိန်ဥ)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန ၄ လမ်း၊ အမှတ် ၈၆ဒ၊နေ(ဦးပါ)၏ဇနီး၊ ဦးတင်မောင် – ဒေါ်ခင်ခင်၊ ဦးတင်အောင်–ဒေါ်ထွေးကြည်၊ (ဦးချစ်သောင်း)–ဒေါ်တင်မြင့်တို့၏အစ်မကြီး၊ ဦးမောင်မောင်–ဒေါ်ကြည်ဌေး၊ ဦးမျိုးဝင်း–ဒေါ်ခင်အေးယီ၊ ဦးအောင်ကြည်စိုး–ဒေါ်ခင်ဝင်း၊ ဦးမြင့်ဆွေ–ဒေါ်ခင်မာရီ၊ ဦးခင်ဝင်း–ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ဝင်း–ဒေါ်ညွန့်ညွန့်၊ ဦးဇော်ဝင်း၊ ဦးဆန်းဝင်း–ဒေါ်အေးအေးမြင့်တို့၏မိခင်၊ မြေး ၁၅ ယောက်၊ မြစ်သုံးယောက်တို့၏အဘွားသည် ၂၀–၆–၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာ ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးကျော်စိန်
လျှပ်စစ်ဌာန(ငြိမ်း)
(တပ်မတော်–ရေ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၃၉၊ အခန်း ၄ နေ (ဦးမောင်ကြီး – ဒေါ်သိန်းတင်)တို့၏သား၊ မိတ္ထီလာခရိုင်၊ သဲတောမြို့နေ (ဦးသာဒင်–ဒေါ်ညွန့်ညွန့်)တို့၏ သားသမက်၊ ဒေါ်အမာ၏ခင်ပွန်း၊ ဒေါ်နှင်းအေးလွင်၊ ဦးသိန်းနိုင်(Bintang Mas Shipping)–ဒေါ်နှင်းဇော်ဝင်း၊ ဒေါ်နှင်းဦးခိုင်(Tour Mandalay Co.,Ltd.)၊ (ဦးမျိုးနိုင်)၊ စောအယ်ဒီဆင်–ဒေါ်အေးအေးမြတ်တို့၏ဖခင်၊ မရာသက်ပန်နိုင်၊ မောင်ထက်ရဲရင့်နိုင်၊သဲသဲ(ခ)သီအိုဒိုးရာအယ်ဒီဆင်တို့၏အဘိုးသည် ၁၉–၆–၂၀၀၄ရက် (စနေနေ့) ည ၁၁း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြာလင်း
(သွားလုပ်ငန်း)
အသက်(၆၆)နှစ်

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ခနိမ်းဒိုကျေးရွာနေ(ဦးဖတာ–ဒေါ်စိန်မြိုင်)တို့၏သား၊ (ဦးသာဒွေး)–ဒေါ်မူးသန်းတို့၏မောင်၊ ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် ၃၆ နေ ဒေါ်မြတင်၏ခင်ပွန်း၊ ဦးသန်းဝင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ကညနရုံးချုပ်)–ဒေါ်တင်တင်နု၊ ဦးတင်အောင်–ဒေါ်နန်းအေးမြင့် (ကညန၊ ပုသိမ်)၊ ဦးအောင်သန်း–ဒေါ်ဝေဝေကြည်၊ ဦးရီအေး–ဒေါ်သန်းသန်းတင့်၊ ဦးကျော်ဘသန်း–ဒေါ်ခင်စန်းယု၊ ဦးသန်းထွဋ် (ကညန၊ တိုင်းရုံး) – ဒေါ်ဖြူဖြူစင် (ကညန၊ တိုင်းရုံး)တို့၏ဖခင်၊ ဦးစောဌေးရှင်–ဒေါ်အေးအေးသန်း၊ မောင်စောဝင်းကျော်၊မနန်းမြတင်သန်းတို့၏ဦးလေး၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၈–၆–၂၀၀၄ရက် (သောကြာနေ့) နံနက်ပိုင်း၌ ခနိမ်းဒိုကျေးရွာ၌ကွယ်လွန်သွားပါ၍ ၁၉–၆–၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့၊ ခနိမ်းဒိုကျေးရွာတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျိုက်လတ်မြို့နယ်အသင်း
ရဟန်းဒါယိကာမကြီး
ဒေါ်ရင်ရွှေ
အသက်(၅၈)နှစ်

ကျိုက်လတ်မြို့၊ အမှတ် ၁၇၇၊ ၁၃ လမ်းထောင့်၊ဗိုလ်ချုပ်လမ်း၊(၅)ရပ်ကွက်၊ (ကွင်းပေါက်)နေ ဦးကျော်သောင်း–ဒေါ်သန်းတင်တို့၏သမီး၊ ဦးချစ်ဟန်(ကုန်သွယ်/လယ်ယာ)၏ဇနီးသည် ၁၉–၆–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၃–၆–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းတည့် ၁၂နာရီတွင်အထက်ပါနေအိမ်မှပိတောက်မြိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသင်းဝင်များ သိစေအပ်ပါသည်။ အမှုဆောင်အဖွဲ့။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ကုန္တာဝံသ
သက်တော်(၉၀)၊ သိက္ခာတော်(၇၁)ဝါ

မန္တလေးတိုင်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းမြို့သစ်၊ သင်ပန်းကုန်းတောင်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက ဝိနည်းဓိုရ် မြို့နယ်ဩဝါဒါစရိယ သာသနဓဇ ဓမ္မာစရိယ လဒ္ဓိပေသလ သိက္ခာကာမ ဝိနယဂရုက သံသာရဘီရုကဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော်ကြီးသည် ၁၃၆၆ခုနှစ် နယုန်လပြည့်ကျော် ၈ ရက် (၁၀–၆–၂၀၀၄ရက်) ကြာသပတေးနေ့ နံနက် ၁၀း၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါ၍ ပထမဝါဆိုလဆန်း ၈ ရက် ညတွင် မန္တလေးမြို့ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မ ကထိက ဗဟုဇနဟိတဓရ ထေရဝါဒဝံသာလင်္ကာရ မရမ္မရဋ္ဌ(သီရိလင်္ကာ) နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ သိက္ခ အရှင်မြတ် တရားပွဲဖြင့်ပူဇော်ပြီး ပထမဝါဆိုလဆန်း ၉ ရက်(၂၅–၆–၂၀၀၄ရက်) သောကြာနေ့ မွန်းလွဲ ၂ နာရီတွင် သင်ပန်းကုန်းတောင်ကျောင်းတိုက်မှ တောင်မြင့်သုသာန်သို့ပင့်ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သာဝက သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများကြွရောက်ကြည်ညိုပူဇော်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

တပည့်သာဝကသံဃာတော်များနှင့်ဈာပနကျင်းပရေးကော်မတီများ
သင်ပန်းကုန်း၊မန္တလေး။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သရက်တောကျောင်းတိုက်၊ဓမ္မောဒယကျောင်း
ဆရာတော် ဘဒ္ဒန္တ ဇာနေယျ
သက်တော်(၆၈)နှစ်၊ သိက္ခာတော်(၄၈)ဝါ

ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မောဒယကျောင်းဆရာတော် ဘဒ္ဒန္တ ဇာနေယျသည် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၃ ရက် (၁၉–၆–၂၀၀၄ရက်) စနေနေ့ နံနက် ၂း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁၃၆၆ခုနှစ် ပထမဝါဆိုလဆန်း ၇ ရက် (၂၃–၆–၂၀၀၄ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။ တပည့်သံဃာတော်များနှင့်ဒါယကာ၊ဒါယိကာမများ။

ရမ်းဗြဲမြို့နယ်အသင်း(ရန်ကုန်)
ဒေါ်ဘုတ်ထုံ (ရမ်းဗြဲ)
(ဘဲကလေးဆေးလိပ်ခုံ)
အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တိုက်အမှတ် ၂၊ အခန်း ၁၀၃၊ ရွှေထီးအိမ်ရာနေ (ဦးရွှေထွန်းအောင်)–ဒေါ်ဖြူမချေတို့၏သမီး၊ ဒေါ်လှနုခင်(ဦးလှဖေ)တို့၏မိခင်၊ ဦးမျိုးမြင့်–ဒေါ်နီနီလွင်၊ မောင်မောင်လွင်၊ ခင်မောင်လွင်၊ မသီသီဦး၊ မခင်နန်းမူ၊ မမိုးတာတာလွင်တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဖီးရင်သည် ၁၉–၆–၂၀၀၄ရက် နံနက် ၁၂း၃၀ နာရီတွင် သုခကမ္ဘာအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။အသင်းသူအသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာ
ဦးကျော်စိန်
လျှပ်စစ်ဌာန(ငြိမ်း)၊(တပ်မတော်–ရေ)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၃၉၊ အခန်း ၄ နေ (ဦးမောင်ကြီး – ဒေါ်သိန်းတင်)တို့၏သား၊ ဒေါ်အမာ၊ (ဦးမောင်မောင်)၊ (ဦးကိုညွန့်–ဒေါ်စန်းညာ)၊ (ဦးကိုကိုကြီး)–ဒေါ်ခင်ငြိမ်းငြိမ်းတို့၏ ညီ/မောင်၊ ဦးကြည်ညွန့်–ဒေါ်စန်းရီ၊ ဦးမောင်မောင်–ဒေါ်ဝင်းမေ၊(ဦးတင်ထွန်း)–ဒေါ်ဝင်းမြင့်တို့၏အစ်ကိုသည်၁၉–၆–၂၀၀၄ရက် (စနေနေ့) ည ၁၁း၁၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့)ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမောင်နှမတစ်စု။

ဒေါ်တင်တင်ကြည်
အသက်(၆၄)နှစ်

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ)ရပ်ကွက်၊ နီလာ ၂ လမ်း၊ အမှတ် ၅၁၄ နေ (ဦးငွေကိုင်)–ဒေါ်လုံးတင်တို့၏သမီး၊ (ဦးသိန်းဟန်)၏ဇနီး၊ ဦးမြသိန်း–ဒေါ်တင်စန်းလှ၊ (ဦးတင်အောင်–ဒေါ်မြသီ)တို့၏ညီမ၊ ဦးမောင်မောင်၊ (ဒေါ်အေးအေး)၊ ဦးမောင်လေး–ဒေါ်ခင်မေကြူ၊ ဦးခင်မောင်အေး၊ ဦးခင်မြင့်–ဒေါ်ခင်မေထွေးတို့၏အစ်မ၊ဦးအေးသိန်း–ဒေါ်နန်းမြမေ(ကွန်ဟိန်း)၊ ဦးတင်ဝင်း – ဒေါ်မာမာအေး (အလက–၂၊ သာကေတ)၊ ဦးညွန့်ဝင်း–ဒေါ်ဥမ္မာဟန်၊ ဦးအေးမင်းတို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၁၈–၆–၂၀၀၄ရက်တွင်ကွယ်လွန်သွားပါ၍ ၂၂–၆–၂၀၀၄ရက်(အင်္ဂါနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊
တန်ဆောင်းဒါယကာကြီး
ဦးခင်မောင်အေး (မြောင်းမြ)
B.A, D.E.P, H.G.P, R.L
ကုန်တိုက်ဒုတိယမန်နေဂျာ(ငြိမ်း)၊
ပန်းဆိုးတန်းကုန်တိုက်(၁)
ဥက္ကဋ္ဌ၊ Myat Nyein Min Co.,Ltd.
အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ ခြံအမှတ် ၆၀(B+C)၊ မဥ္ဇူလမ်းသွယ်(၂)၊ပါရမီရိပ်သာ၊ရန်ကင်းမြို့နယ်နေ(ဦးသောင်းရှိန်–ဒေါ်သိန်းရှင်)တို့၏သား၊ ရွှေဘိုမြို့၊ မြိုက်စုရပ်နေ (ဦးရွှင်)–ဒေါ်ငွေထိန်းတို့၏သားသမက်၊ ဒေါ်မြင့်မြင့်ရွှင်(Managing Director, Myat Nyein Min Co.,Ltd)၏ခင်ပွန်း၊ မမြတ်သန္တာအေး (Macg-uire University, Sydeny, Australia)၊ မငြိမ်းဌေးစံ(IT, Officer 2t Inland of Singapore)၊ မောင်မင်းကိုကိုအေး (IT, Deakin University, Singapore)တို့၏ဖခင်ကြီး၊ (ဦးညွန့်ခင်)–ဒေါ်ခင်ခင်ဦးတို့၏မောင်၊ဦးစန်းငွေ–(ဒေါ်အေးသင်)၊ ဒေါ်ခင်ခင်စန်း(အလပြ၊ ငြိမ်း၊ ရန်ကင်း အလက–၄)၊ ဦးခင်မောင်ထွေး(ဦးစီးအရာရှိ၊ပြည်တွင်းအခွန်များဦးစီးဌာန)–ဒေါ်စန်းမြင့်(တရားရုံးချုပ်ရှေ့နေ၊ ငြိမ်း)တို့၏အစ်ကိုကြီး၊ ဦးဘမိုး(စိုက်သိပ္ပံကထိက၊ ငြိမ်း)–ဒေါ်မြင့်မြင့်ကြည် (စိုက်သိပ္ပံကထိက၊ ငြိမ်း)၊ (ဦးတင်စိန်–ဒေါ်ညို)၊ ဦးသိန်း(တရားရုံးချုပ်ရှေ့နေကြီး၊ ငြိမ်း)–ဒေါ်ခင်ပို၊ ဦးသန်းထွန်း (ရုံးမှူးကြီး၊ ဇရာဝတီတိုင်း)–ဒေါ်စန်းကြင်တို့၏ညီ၊ ဦးခင်မောင်ညွန့်(အင်ဂျင်နီယာမှူးကြီး၊ စွမ်းအင်ဝန်ကြီးဌာန၊ ငြိမ်း)–ဒေါ်သန်းသန်းတို့၏ အစ်ကိုကြီး၊ တူ တူမ ၂၃ယောက်တို့၏ဦးကြီးသည် ၁၇–၆–၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၉း၄၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၁–၆–၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာရှင်မြတ်အမိန့်တော်ခံယူခြင်း
ဒေါ်ဝါဝါအေး
အသက်(၅၁)နှစ်

ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ (၂၉)ရပ်ကွက်၊ မင်းဒင်လမ်း၊ တိုက် ၃၇/၃ နေ ဦးချစ်အေး–(ဒေါ်ရွှေတင်)တို့၏သမီး၊ (ဦးသောင်းညွန့်)–ဒေါ်သောင်းတို့၏သမီးချွေးမ၊ ဦးမြင့်ဖေ၏ဇနီး၊ မခိုင်သီရိဖေ(B.Sc,Bot)၊ မောင်ပြည့်ဖြိုးဖေ (3rd Yer CHEMI၊ ဒဂုံတက္ကသိုလ်)တို့၏မိခင်၊ ဦးအေးမင်းသူ၊ (ဦးအေးမင်းလွင်)၊ ဦးအေးမင်းအောင်၊ ဦးအေးမင်းဇော်၊ ဒေါ်ဝင့်ဝင့်အေးတို့၏ အစ်မကြီး၊ တူ တူမ ရှစ်ယောက်တို့၏ကြီးတော်သည် ၂၀–၆–၂၀၀၄ရက် နံနက် ၀၀း၄၅ နာရီတွင် အလ္လာရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ရေဝေးကဘာရ်စတန်တွင် ဒါဖနာပြီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။
R. 488

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

လှူဒါန်းပူဇော်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ လှိုင်ကော်မြို့ နေစက်လစက်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားတွင် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်ကို စေတီတော်အထွတ်၌ တပ်ဆင်လှူဒါန်းပူဇော်ပေးကြစဉ်။

(သတင်းစဉ်)

လှိုင်ကော်မြို့ နေစက်လစက်စေတီတော်ရွှေထီးတော်တင်လှူပူဇော် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို

ရန်ကုန် ဇွန် ၂၀

ကယားပြည်နယ် လှိုင်ကော်မြို့ မြကလပ်တောင်တော်အနီးရှိ ကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် နေစက်လစက်စေတီတော် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ဇွန် ၁၉ ရက် နံနက် ၇ နာရီခွဲတွင် အဆိုပါ စေတီတော်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူပူဇော်ပေးသည်။

တက်ရောက်ကြည်ညို

ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားသို့ လှိုင်ကော်မြို့ ရွှေတောင်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာသာမိ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များဖြစ်ကြသည့် လှိုင်ကော်မြို့ မင်းကျောင်းဆရာတော်

စာမျက်နှာ ၁၀ ကော်လံ ၁ ❐

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက် မှတ်သားဖွယ်မိုးရေချိန်

၂၀-၆-၂၀၀၄

မင်္ဂလာဒုံ	၂၉ မမ(၁ ဒသမ ၁၄ လက်မ)
ကမ္ဘာအေး	၃၈ မမ(၁ ဒသမ ၅၀ လက်မ)
ရန်ကုန်မြို့လယ်	၃၃ မမ(၁ ဒသမ ၃၀ လက်မ)

အုပ်စု(ဃ)မှ ဟော်လန်နှင့်ချက်ပွဲတွင် ဟော်လန်အတွက် ဒုတိယဂိုးကို တိုက်စစ်မှူး နစ္စတယ်ရွိုင်းက သွင်းယူခဲ့ရာ ဂိုးဝင်သွားပြီးနောက် ဤသို့ အောင်ပွဲခံပျော်မြူးခဲ့ပါသော်လည်း....။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယအကြိမ် အာရှပတ်လည် မြားပစ်ပြိုင်ပွဲ မြန်မာရွှေတံဆိပ်တစ်ခု၊ ကြေးနှစ်ခုဆွတ်ခူး

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ- သိန်းဝင်းလေး

ရန်ကုန် ဇွန် ၂၀

၂၀၀၄ခုနှစ် ဒုတိယအကြိမ် အာရှပတ်လည်မြားပစ်ပြိုင်ပွဲကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇွန် ၁၈ ရက်နံနက် ၉ နာရီက စတင်ကျင်းပသည်။ မြန်မာမြားပစ်အဖွဲ့သည် ပွဲဦးထွက်နေ့တွင် သင်းသင်းခိုင်က ရွှေတံဆိပ်ရရှိထားပြီး ညီညီထွန်းက ကြေးတံဆိပ်တစ်ခု ဆွတ်ခူးကာ ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာ၊ မလေးရှား၊ ထိုင်း၊ သြစတြေးလျ၊ အိန္ဒိယ၊ အင်ဒို၊ မွန်ဂိုလီးယား၊ ဆော်ဒီ၊ ကာတာ၊ အီရန်၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ဗီယက်နမ် စသည့် နိုင်ငံပေါင်း ၁၄နိုင်ငံမှ Compound မြားပစ်ပြိုင်ပွဲ အမျိုးသား၂၁ဦး၊ အမျိုးသမီးရှစ်ဦး၊ မြားပစ် ပြိုင်ပွဲအမျိုးသား ၂၂ဦး၊ အမျိုးသမီး ၁၄ဦး စုစုပေါင်း အမျိုးသား ၄၃ဦးနှင့် အမျိုးသမီး ၂၂ဦး စုစုပေါင်း ၆၅ဦး ပါဝင်ဆင်နွှဲလျက်ရှိကြသည်။

မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်မှ ဒေါက်တာဇော်ထွန်း ဦးဆောင်သော မြန်မာမြားပစ်အဖွဲ့သည် ဇွန် ၁၈ ရက် ပထမနေ့ပြိုင်ပွဲအပြီးတွင် အောက်ဖော်ပြပါအတိုင်း အဆင့်ရမှတ်များနှင့် ဆုတံဆိပ်ကို ရရှိထားသည်။

အမျိုးသမီးတစ်ဦးချင်းမီတာ ၇၀ အကွာအဝေးမြား ၇၂ချောင်း (Recurue) ပစ်ခတ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု ဆွတ်ခူးပေးသော သင်းသင်းခိုင်(ပြည်ထဲရေး)အား တွေ့ရစဉ်။

ဓာတ်ပုံမှတ်တမ်း- သိန်းဝင်းလေး(မြန်မာ့အလင်း)

အမျိုးသမီးတစ်ဦးချင်းနှင့် အမျိုးသားတစ်ဦးချင်း Recurue မြားပစ်ပြိုင်ပွဲ မြန်မာအသင်းဆုရရှိမှု အခြေအနေ

အမည်	ဌာန	ရမှတ်	ဆုတံဆိပ်	အဆင့်
သင်းသင်းခိုင်	ပြည်ထဲရေး	၆၁၈ မှတ်	ရွှေ	၁
ညီညီထွန်း	ကာကွယ်ရေး	၆၂၄ မှတ်	ကြေး	၃
ထွန်းလင်းအောင်	ကာကွယ်ရေး	၅၈၄ မှတ်	-	၁၇
ဇော်မင်းထွန်း	ပြည်ထဲရေး	၅၇၀ မှတ်	-	၂၄

ဇွန် ၁၈ရက် Compound မြားပစ်ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ပေါ်ဦး(ကာကွယ်ရေး)သည် ၆၄၇ မှတ်ပစ်ခတ်ပြီး ပဥ္စမအဆင့်ရရှိသည်။

ဇွန် ၂၀ရက် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ Recurue မြားပစ်ပြိုင်ပွဲတွင် မြန်မာအသင်း တတိယဆုကြေးတံဆိပ်တစ်ခု ထပ်မံရရှိရာ စုစု ပေါင်း ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်နှစ်ခုရရှိခဲ့ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ယူရို ၂၀၀၄ အုပ်စုပွဲစဉ်များ သုံးသပ်ချက်

နည်းပြအဲရစ်ဆင် ခရိုအေးရှားကို အနိုင်ကစားပြမည်လော ပြင်သစ်ကြက်ဖက ဆွစ်ဇာလန်ကို ဂိုးပြတ်သွင်းဖွယ်ရှိ

ကိုထွေး- သုံးသပ်တင်ပြသည်

ရန်ကုန် ဇွန် ၂၀

ယူရို ၂၀၀၄ ဘောလုံးပြိုင်ပွဲကြီး ဇာတ်ရှိန်မြင့်သထက်မြင့်လာပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲစဉ်များ အကြိတ်အနယ် ယှဉ်ပြိုင်ကစားလျက်ရှိကြရာ နိုင်သူပြုံး၍ ရှုံးသူမှိုင်ကာ ဘောလုံးလောကခံကို မလွဲရှောင်သာ ကြုံတွေ့ခံစားခဲ့ကြရသည်။ အုပ်စုတက်သော အသင်းများအောင်ပွဲခံကာ ကွာတားဖိုင်နယ်အတွက် ကြိုတင်ပြင်ဆင်လျက်ရှိကြပြီး အုပ်စုမှ ထွက်ရသောအသင်းများ အထုပ်အပိုးပြင်ကာ လေဆိပ်ဆင်းကြရတော့မည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ■